# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (30-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ဝိနယဓရ ၂၉ ပါး၊ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်းသံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၉

အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# အရည်အသွေးအစစ်အမှန် ကမ္ဘာသို့ပြနိုင်မည့်အခွင့်အလမ်း

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်နေ့ကလှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင်သည် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် နောက်ဆက်တွဲမီးလောင်မှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင်သို့ ရောက်ရှိလျက်ရှိသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ကျောင်းသား၊ ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက် အဖြေလွှာများပျက်စီးသွားသောတိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုစေခြင်းဖြစ်သည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်မှ ၂၁-၆-၂၀၂၅ ရက်ထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ပြီး ဇွန် ၁၆ရက်တွင် မြန်မာစာ၊ ဇွန် ၁၇ ရက်တွင် အင်္ဂလိပ်စာ၊ ဇွန် ၁၈ ရက်တွင် သင်္ချာ၊ ဇွန် ၁၉ ရက်တွင် ဓာတုဗေဒ/ပထဝီ၊ ဇွန် ၂၀ ရက်တွင် ရူပဗေဒ/ သမိုင်း၊ ဇွန် ၂၁ ရက်တွင် ဇီဝဗေဒ/ ဘောဂဗေဒတို့ကို ဖြေဆိုသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ထိုကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုနိုင်စေရန်အတွက် လုံလောက်သောအချိန်သတ်မှတ်ပေးပြီး ပြန်လည်ဖြေဆိုစေမည်ဖြစ်သည်။ ထိုကျောင်းသား၊ ကျောင်းသူများပြန်လည်ဖြေဆိုနိုင်စေရန်အတွက် Camp များသွင်း၍ လေ့ကျင့်သင်ကြားပေးသောစခန်းများတွင် Revision Classများ ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးမှုများကို ဧပြီ ၂၈ ရက် မှစ၍ ဆောင်ရွက်လျက်ရှိသည်။ Revision Class သည် ကျောင်းတက်စဉ်အချိန်ကာလများတွင် အရေးကြီးသည့်သင်ခန်းစာများကို တက္ကသိုလ်ပါမောက္ခများကိုယ်တိုင် Short to the Point လေ့ကျင့်သင်ကြားလမ်းညွှန်ပို့ချပေးမည်ဖြစ်သည်။ Revision Class များတွင်တက်ရောက်ပြီး ပြန်လည်ဖြေဆိုပါက တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်မည်ပင်ဖြစ်ပါသည်။

ယခု လေ့ကျင့်သင်ကြားရေးစခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏ စားဝတ်နေရေး၊ နေထိုင်စားသောက်ရေး၊ သောက်ရေ၊ သုံးရေ၊ ချိုးရေစသော ကျန်းမာရေးစောင့်ရှောက်မှုများ၊ လုံခြုံရေးစောင့်ရှောက်မှုများဖြင့် နေထိုင်နိုင်မည်ဖြစ်သည်။ သင်ခန်းစာများကို အခက်အခဲမရှိဖြေဆိုနိုင်စေရန်အတွက် တက္ကသိုလ်အသီးသီးရှိ ပါမောက္ခများက အနီးကပ်သင်ကြားပို့ချပေးမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်သင်ကြားမှုမပြုနိုင်သည့် ကလေးများအတွက် Online Class များကို အခကြေးငွေမယူဘဲ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ Education Channel များမှ သင်ခန်းစာများကို အမြဲမပြတ်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ပုဂ္ဂလိကကျောင်းများ၏ YouTube Channel၊ Telegram များတွင် ပညာဒါနသင်တန်းများမှ သင်ခန်းစာတွေကို လေ့လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သောပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက်စသည့် သင်ထောက်ကူပစ္စည်းများအပါအဝင် သင်ကြားရေးတွင်လိုအပ်သော စာရွက်စာတမ်းများကိုလည်း လိုအပ်သလို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုပြန်လည်ကျင်းပစစ်ဆေးမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကြိုးစားအားထုတ်မှုတို့ကို အစွမ်းပြနိုင်သည့် စိန်ခေါ်မှုအခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။ မိမိတို့၏ အနာဂတ်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန်၊ မိမိ၏အရည်အသွေးအစစ်အမှန်များကို တစ်နိုင်ငံလုံးသာမက ကမ္ဘာသို့ပါ သက်သေပြနိုင်ရန်အတွက် ယခုတက္ကသိုလ်ဝင်စာမေးပွဲကို ရေကုန်ရေခန်းကြိုးစား၍ ပြန်လည်ဖြေဆိုကြပြီး ဂုဏ်ထူးပဒေသာဖြင့် ထူးချွန်ပြောင်မြောက်စွာ အောင်မြင်မှုသရဖူ ဆွတ်ခူးနိုင်ကြပါစေကြောင်း တိုက်တွန်းအားပေးရေးသားလိုက်ရပါသည်။

# ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်တွေ့ဆုံပြီး အနီးကပ်ပြန်လည်ပို့ချပေးနေမှုများကို ကြည့်ရှုအားပေး



**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဧပြီ ၂၈ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး တိုင်းဒေသကြီးတွင် ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် အနီးကပ် ပြန်လည်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ထိုသို့ တွေ့ဆုံအားပေးရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ တံတားဦးမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာ ခန်းမ၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ၌ပြန်လည်ဖြေဆိုခွင့်ပြုထားသည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့စွာဖြင့် ပြီးဆုံးသည်ထိဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ Grade 12 သည် နိုင်ငံတကာပညာရေးအရ GCE – A Levelနှင့်ညီသည့်အတွက် ယခုစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူအားလုံး ငလျင်ဒဏ်ကိုကြုံတွေ့ခံစားခဲ့ရသော်လည်းမလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယ နှင့် စိတ်အားထက်သန်စွာ ကြိုးစားကာ ဘာသာရပ်အားလုံးကို ပြီးဆုံးသည်ထိ ဖြေဆိုသွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကိုဂရုစိုက်ကာ ဘာသာရပ်အလိုက်ပြန်လည်ပို့ချပေးသည့်သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် ကြိုးစားသင်ယူသွားကြရမည်ဖြစ်ကြောင်းနှင့်စာမေးပွဲကို အခက်အခဲမရှိ စိတ်ချမ်းမြေ့စွာဖြင့် ဖြေဆိုနိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများ၌ နိုင်ငံတော်က ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ ပံ့ပိုးပေးအပ်ခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပုသိမ် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲသီးနှံ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲသီးနှံ ၂၁၅၅ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် မတ်ပဲသီးနှံ ဧကအားလုံး ယနေ့တွင်ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး မတ်ပဲ တစ်ဧကလျှင် ၂၅ ဒသမ ၁ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကို ကူညီပံ့ပိုးပေးခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အရည်အသွေးကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့အခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မတ်ပဲသီးနှံတွေ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့ ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မတ်ပဲသီးနှံကို ကျေးရွာ စုစုပေါင်း ၁၉ ရွာမှ ဒေသခံ တောင်သူတစ်ဦးလျှင် တစ်ဧက မှ ၅ ဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# လှည်းကူးမြို့နယ် ဂုံမင်းလှျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှည်းကူး ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းလှျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ဧပြီ ၂၈ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀၀ ကို ဂုံမင်းလှျိုကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဂုံမင်းလှျိုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းဝင် ၁၀၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဟတ်ပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ထိုင်းနိုင်ငံနေ ကိုအောင်ကိုကို-မအေးသန္တာတို့က ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၄၇၁ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၄၇၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၄၅၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နှမ်း၄၄၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်း ၄၄၅၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၄၄၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၁ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၂၅ ဧက စုစုပေါင်း ၄၄၇၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးချိန်၌ နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၉၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧကနှင့်မြောင်မြို့နယ်တွင် ၄၁၁၂ ဧက စုစုပေါင်း ၄၄၅၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ပန်းကြိုင်ရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၄ ဦးကိုငွေကျပ် ၅၄ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ပုတောမြို့နယ်က ထွက်ရှိတဲ့ ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကိုပဲ အဓိက တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ မတ်လအတွင်း ကဏန်းတွေ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများပြားနေပါတယ်။ ကဏန်းတွေဝယ်ယူအား ကောင်းလာတော့ ရေလုပ်သားတွေ၊ ရေလုပ်ငန်းရှင်တွေက အဆင်ပြေလာရပါတယ်"ဟု ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ပုတောမြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါကဏန်းများ ဝယ်ယူမှုများပြားလာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအဆင်ပြေလာကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**



# ရန်ကုန်တက္ကသိုလ်ထဲက ကျန်စစ်သားမင်းကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ဂြိုဟ်တြိဘုဝနာဒိတျဓမ္မရာဇာဘွဲ့ခံ ပုဂံဘုရင်ကျန်စစ်သား(၁၀၈၄-၁၁၁၃)သည် မွန်ဘာသာဖြင့် ကျောက်စာများ ရေးထိုးပြီးစိုက်ထူခဲ့ရာ ရွှေစည်းခုံမွန်ကျောက်စာ(ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိကျောက်စာ)နှင့် နန်းတည်ကျောက်စာတို့သည် အထင်ရှားဆုံးဖြစ်သည်။ ကျန်စစ်သားမင်းသည် ပုဂံ၌ မြကန်ကျောက်စာနှင့် အလံပုဂံကျောက်စာတို့ကိုလည်းကောင်း၊ ပြည်မြို့၌ ရွှေဆံတော်ကျောက်စာကိုလည်းကောင်း၊ မွန်ဒေသ၌ ကျောက်စာသုံးချပ်ကိုလည်းကောင်း ရေးထိုးစိုက်ထူခဲ့သည်။

ကျန်စစ်သားမင်းရေးထိုးခဲ့သည့် မွန်ကျောက်စာများကို စုစည်းပြီး ရှေးဟောင်းသုတေသနဝန်ထောက်ဦးချစ်သိန်းက မြန်မာဘာသာသို့ပြန်ဆိုကာ မူရင်းမွန်ဘာသာစာသားများနှင့်အတူ ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် တည်းဖြတ်ဖော်ပြခဲ့သဖြင့် လေ့လာသူများအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့သည်။

မွန်ဒေသ၌ ကျန်စစ်သားမင်း ရေးထိုးစိုက်ထူခဲ့သည့် မွန်ကျောက်စာသုံးချပ်သည် ဘီးလင်းမြို့နယ်တွင် ကျောက်စာနှစ်ချပ်နှင့် သထုံမြို့တွင် ကျောက်စာတစ်ချပ်ရှိခဲ့သည်။ဘီးလင်းမြို့နယ်မှ ရရှိခဲ့သည့်ကျောက်စာနှစ်ချပ်သည် ဘီးလင်းမြို့နယ် တောင်စွန်းမှ သုံးမိုင်ခန့်ဝေးသည့် ဆောင်းခဲတောင်ပေါ်တွင် တွေ့ရှိခဲ့သည့် ကျိုက်တဲကျောက်စာနှင့် အရက်သည်မရွာ ခေါ် ရက်ကန်းသည်မရွာမှရရှိခဲ့သည့် ကျိုက်တလန်းကျောက်စာတို့ဖြစ်သည်။ အခြားကျောက်စာတစ်ချပ်ဖြစ်သည့် ညောင်ဝိုင်းကျောက်စာကို သထုံမြို့ ညောင်ဝိုင်းရပ်မှ ရရှိခဲ့သည်။

ကျန်စစ်သားမင်း၏ မွန်ကျောက်စာ သုံးချပ်အနက် ကျိုက်တလန်းကျောက်စာသည် နေရာအဆင့်ဆင့်ပြောင်းရွှေ့ခဲ့ပြီး ယခုအခါတွင် ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်အဆောက်အအုံအတွင်း၌ ကောင်းမွန်စွာတည်ရှိနေသဖြင့် မည်သူမဆို သွားရောက်ကြည့်ရှုလေ့လာနိုင်ကြပေသည်။

**ကျိုက်တလန်းမွန်ကျောက်စာ**

ကျိုက်တလန်းကျောက်စာ မူလတည်ရှိခဲ့သည့်နေရာသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအုပ်စုအတွင်းရှိ အရက်သည်မရွာ ခေါ် ရက်ကန်းသည်မရွာဖြစ်သည်။ ကျောက်စာတည်ရှိခဲ့သည့်နေရာသည် ကေလာသတောင်ခြေရှိ ကျိုက်တလန်းဘုရားဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့ သိမ်းယူပြီး တစ်နှစ်အကြာ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ကျိုက်တလန်းကျောက်စာတိုင်ကို ဖောင်ပေါ်တင်၍ မီးသင်္ဘောဖြင့်ဆွဲကာ ရန်ကုန်မြို့သို့ သယ်ယူခဲ့ပြီး ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးနေရာတွင် တည်ရှိခဲ့သည့် ဖယ်ယာပြတိုက်တွင်ထားရှိခဲ့သည်။ ထိုနေရာတွင်ဖယ်ယာပြတိုက်နှင့်အတူ တိရစ္ဆာန်ရုံလည်းရှိခဲ့ရာ ၁၉၃၀ ပြည့်နှစ်ခန့်တွင် တိရစ္ဆာန်ရုံကိုနေရာပြောင်းရွှေ့ချိန်တွင် ဖယ်ယာပြတိုက်အဆောက်အအုံကို ဖျက်သိမ်းခဲ့သဖြင့် ကျောက်စာတိုင်သည် အတွင်းဝန်ရုံးသို့ ရောက်ရှိသွားခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အာဏာပိုင်များက ကျိုက်တလန်းကျောက်စာတိုင်ကို ရန်ကုန်တက္ကသိုလ်သို့သယ်ယူပြီး တက္ကသိုလ်စာကြည့်တိုက်တွင် ထိန်းသိမ်းထားရှိခဲ့ရာ ၉၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကျိုက်တလန်းကျောက်စာသည် အမြင့် ခုနစ်ပေကျော်နှင့် အကျယ် သုံးပေကျော်ရှိကာ တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၅၅ ကြောင်းပါရှိသည်။ ထိုကျောက်စာတိုင်ကို အင်္ဂတေပေါင်နှစ်ဖက်တွင်ညှပ်၍ အင်္ဂတေကြမ်းခင်းပေါ်တွင် စိုက်ထူထိန်းသိမ်းထားသည်။ မိုးလုံလေလုံအဆောက်အအုံအတွင်း၌ ထိန်းသိမ်းထားသဖြင့် ကျောက်စာတိုင်သည် အကောင်းတိုင်းနီးပါးရှိနေပြီး လွန်ခဲ့သည့် ၉၂၇ နှစ်က ကျန်စစ်သားမင်း ရေးထိုးခဲ့သည့် စာသားအများစုကို ဖတ်ရှုနိုင်ဆဲဖြစ်ပေသည်။

လန်ဒန်တက္ကသိုလ် အရှေ့တိုင်းပညာလေ့လာမှုကျောင်း(London University၊ School of Oriental Studies)မှ မွန်နှင့် ပျူစာပေပညာရှင် ဒေါက်တာဘလက်ဒင်သည် မြန်မာနိုင်ငံသို့မရောက်ခဲ့သော်လည်း ကျိုက်တလန်းကျောက်စာကို ဖယ်ယာပြတိုက်တွင်ထားရှိခဲ့ချိန်က ကျောက်စာမင်ကူးမိတ္တူနှင့်



ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင်ထိန်းသိမ်းထားသည့် ကျိုက်တလန်းကျောက်စာကို တွေ့ရစဉ်။

ဓာတ်ပုံကိုကြည့်ကာ ရေးထိုးထားသည့် စာသားများကိုဖတ်ရှုပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ဒေါက်တာဘလက်ဒင်၏ ရေးသားချက်များကို ၁၉၂၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည့် Epigraphia Birmanica အတွဲ ၁၊ အပိုင်း ၂ တွင် မင်ကူးဓာတ်ပုံနှင့်အတူ ဖော်ပြခဲ့သည်။ ဒေါက်တာဘလက်ဒင်က ကျောက်စာတိုင်၏ မူလနေရာမှတ်တမ်းကို မိမိမသိရှိကြောင်းနှင့် ကျောက်စာတွင်ပါရှိသည့် "ကျာက်တလင်"ဟူသောအမည်ကိုထောက်၍ မွန်ဒေသမှ ဘုရားတစ်ဆူဆူဖြစ်နိုင်ကြောင်းနှင့် မည်သည့်နေရာဟု အသေအချာမပြောနိုင်ကြောင်း ရေးသားခဲ့သည်။

ကျိုက်တလန်းကျောက်စာသည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့ချိန်ထိ ကျောက်စာ၏ မူလနေရာကို မသိရှိသေးချေ။ သို့သော် ထိုစဉ်က ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ၁၉၃၆ ခုနှစ် ဧပြီလတွင် ဘီးလင်းမြို့နယ်ရှိ အရက်သည်မရွာသို့သွားကာ ကျောက်စာနှင့်ဆက်နွှယ်သည့်အကြောင်းအရာများကို ကိုယ်တိုင်စူးစမ်းလေ့လာခဲ့သည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် လန်ဒန်မြို့သို့ ပညာတော်သင်အဖြစ်ရောက်ရှိခဲ့စဉ်က ဒေါက်တာဘလက်ဒင်၏အကူအညီဖြင့် ကျိုက်တလန်းကျောက်စာကို ကောင်းစွာဖတ်ရှုနိုင်ခဲ့သည်။ ကျိုက်တလန်းကျောက်စာကို အထူးစိတ်ဝင်စားသည့် ကျောင်းအုပ်ကြီးသည် အရက်သည်မရွာသို့ရောက်ရှိစဉ် ကျေးရွာရှိ ရှေ့မီနောက်မီ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှ ထိုကျောက်စာကို အင်္ဂလိပ်တို့က ၁၈၈၆ ခုနှစ်ခန့်တွင် ကျိုက်တလန်းဘုရားမှ ရန်ကုန်သို့ ယူဆောင်သွားခဲ့ကြောင်း သိရှိခဲ့ရသည်။

အရက်သည်မရွာသားတစ်ဦးက သူရန်ကုန်မြို့သို့ ရောက်ရှိခဲ့စဉ် တွေ့ရှိခဲ့သည့် ကျောက်စာတိုင်သည် မိမိတို့ရွာမှ ယူဆောင်သွားသည့် ကျောက်စာဟု ယုံကြည်ကြောင်း ပြောပြခဲ့သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ထိုအကြောင်းအရာများကို ၁၉၃၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်(JBRS) အတွဲ (၂၈) တွင် " A Mon Inscription by Kyanzittha at Ayetthema Hill"ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားခဲ့သည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ၁၈၉၁ ခုနှစ်က ကျောက်စာဝန်မစ္စတာတော်စိန်ခို ရေးသားခဲ့သည့် ကျိုက်တလန်းကျောက်စာမှတ်တမ်းကို ရည်ညွှန်းနိုင်ခဲ့သဖြင့် ကျောက်စာ၏ မူလနေရာသည် ကျိုက်တလန်းဘုရားဖြစ်ကြောင်း ခိုင်မာစွာဖော်ထုတ်နိုင်ခဲ့သည်။

**ကျိုက်တလန်းစေတီ**

ကျိုက်တလန်းဘုရား၏ မွန်အမည်သည် ကျာက်တလင်ဖြစ်၍ အောက်ခံရှစ်မြှောင့်ပေါ်တွင် တည်ထားသည့် ဘုရားဖြစ်၍ ရှေးမွန်ဘာသာအရ ကျာက်သည် ဘုရား၊ တလင်သည် အမြှောင့်၊ ထောင့်ဟုအဓိပ္ပာယ်ရှိသည်။ နောက်ပိုင်းတွင် ကျာက်တလင်မှ ကျာက်တ္လုင်ဟုပြောင်းလဲခဲ့ကာ ကျာက်သည် ဘုရား၊ တ္လုင်သည် ကြွသည်ဟု အဓိပ္ပာယ်ရှိသဖြင့် ဘုရားရှင်ကြွချီတော်မူလာသည့်နေရာတွင် တည်ခဲ့သည့် ဘုရားဖြစ်ကြောင်း ယူဆမှုများရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံသို့ ဘုရားရှင်ကြွချီခဲ့သည့် ခိုင်မာသောအထောက်အထားများ မရှိသေးသဖြင့် ကျန်စစ်သားမင်းလာရောက်သည့်နေရာတွင် တည်ခဲ့သည့်ဘုရားဟူသည့်ဖွင့်ဆိုချက်က ပိုမိုသင့်မြတ်မည်ဟုယူဆရပေသည်။ မွန်ဘာသာ ကျာက်တ္လုင်မှ ကျာက်တလုင်မှ မြန်မာဘာသာကျောက်တလင်းဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။

ကျိုက်တလန်းကျောက်စာတည်ရှိသည့် အရက်သည်မရွာ ခေါ် ရက်ကန်းသည်မရွာသည် ဘီးလင်းမြို့နယ်တောင်စွန်းမှ ၁၀ မိုင်ကွာဝေးသည်။ တောင်စွန်းနှင့် အရက်သည်မရွာကြား၌ ကင်းရွာနှင့် ဝင်းကရွာတို့တည်ရှိသည်။ ကင်းရွာသည် အလောင်းမင်းတရား ဦးအောင်ဇေယျကွယ်လွန်ခဲ့သည့်ရွာဖြစ်၍ အလောင်းမင်းတရားအလောင်းကို မြှုပ်နှံခဲ့သည့် အုတ်ဂူဟုဆိုကြသည့်ဂူသည် အလောင်းမင်းတရား အနိစ္စရောက်ပြီးနောက် အလောင်းကို ရွှေဘိုသို့ သယ်ယူရန် ဝမ်းတွင်းကလီစာများကိုထုတ်၍ မြှုပ်ခဲ့သည့်နေရာဟုလည်း ဆိုကြသည်။

ရာဇဝင်မှတ်တမ်းများအရ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၉ ခုနှစ် ဒီဇင်ဘာလတွင် ယိုးဒယားသို့စစ်ချီခဲ့ပြီး လမ်းခရီး၌ နာမကျန်းဖြစ်လာသဖြင့် မြန်မာနိုင်ငံသို့ပြန်လာခဲ့သည်။ ၁၇၆၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ကင်းရွာ၌ အနိစ္စရောက်ခဲ့ပြီး အလောင်းတော်ကို ရွှေဘိုမြို့သို့ သယ်ယူခဲ့သည်။

ကျိုက်တလန်းဘုရားသည် အရက်သည်မရွာ၏ အနောက်ဘက်ရှိ ဝေပုလ္လတောင်ကုန်းပေါ်တွင် တည်ရှိ၍ ထိုတောင်ကုန်းသည် ကေလာသတောင်နှင့် ဆက်နေသည်။ ကျိုက်တလန်းဘုရားကို ကျန်စစ်သားမင်းကြီးက ပြုပြင်တည်ထားခဲ့ပြီး မွန်ဘာသာဖြင့် ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

**ကျိုက်တလန်းကျောက်စာ**

ကျိုက်တလန်းကျောက်စာကို သက္ကရာဇ် ၄၆၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက် (ခရစ်နှစ် ၁၀၉၈ ခုနှစ် ဧပြီ ၁၅ ရက်)တွင် ရေးထိုးခဲ့သည်။ ကျိုက်တလန်းကျောက်စာသည် ကျန်စစ်သားမင်းက ပြိုပျက်နေသော ကျိုက်တလန်းစေတီကို အသစ်ပြုပြင်သည့် မှတ်တမ်းဖြစ်သော်လည်း ထိုအကြောင်းအရာကို "မြတ်သောအရှင်မင်းကြီးသည် ပြိုပျက်နေသော ဤကျိုက်တလန်းစေတီတော်ကို လောကလူအပေါင်းတို့ ကြာမြင့်စွာကိုးကွယ်နိုင်ကြစေရန် ရှေးကထက်သာလွန်မြင့်မြတ် ကြီးကျယ်ကောင်းမွန်ခိုင်ခံ့အောင် အမည်ကျော်ကြားသော အလုပ်ဝန်တို့အား အသစ်ပြုပြင် တည်ဆောက်လှူဒါန်းစေ၏"ဟု စာတစ်ကြောင်းသာရေးထိုးပြီး ကျန်အကြောင်းအရာများသည် ကျန်စစ်သားမင်းသည် ဘုရားလောင်း အစစ်အမှန်ဖြစ်ကြောင်းကိုသာ မွန်ဘာသာဖြင့် အကျယ်တဝင့်ရေးထိုးခဲ့သည်။

ကျောက်စာ၏ နိဂုံးပိုင်း စာကြောင်းရေ ၄၈ မှ ၅၁ ထိ "ရဟန်းပုဏ္ဏား သုခမိန်သူတော်ကောင်းဖြစ်ကြသော လူအပေါင်းတို့ သိကြကုန်လော့။ ဤမင်းသည်သာလျှင် ဘုရားဖြစ်လတ္တံ့သော၊ ဘုရားရှင်၏ဗျာဒိတ်ရသောတရားမင်းတည်း။ ခပ်သိမ်းသောသူအပေါင်းတို့သည် သံသယမရှိကြကုန်လင့်"ဟု မွန်ဘာသာဖြင့် ရေးထိုးခဲ့သည်။

ကျိုက်တလန်းကျောက်စာသည် အလှူမှတ်တမ်းကျောက်စာဟုဆိုသော်လည်း ကျန်စစ်သားမင်းရေးထိုးခဲ့သည့် မွန်ကျောက်စာများသည် ကျန်စစ်သားမင်း၏ စည်းရုံးရေးလုပ်ငန်းကို ဆောင်ရွက်မှုများဖြစ်ကြောင်းနှင့် ကျန်စစ်သားမင်းသည် ပြည်သူများကို စည်းရုံးရာတွင် မွန်ဘာသာစကားကို အသုံးပြုသကဲ့သို့ ယုံကြည်ကိုးကွယ်မှုကိုလည်း အသုံးပြုခဲ့ကြောင်း ဆရာစောလူက သုံးသပ်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# မြန်အောင်မြို့နယ်တွင် ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် သခွားသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်သခွားသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဧပြီလပထမပတ်မှစတင်ပြီး ယနေ့ထိ တစ်ရက်လျှင် သခွားသီးအလုံးရေ ၅၅၀၀၀ မှ ၆၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား များနေပါတယ်။ လက်ရှိ သခွားသီးအလုံးရေ ၆၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုအရောင်းအဝယ် ကောင်းနေတဲ့သခွားသီးတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီကကုန်စိမ်းဈေးကွက်က သခွားသီးကို အဝယ်လိုက်နေပါတယ်။ အခုလိုဒေသထွက်ကုန် သခွားသီးတွေဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု မြန်အောင်မြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် လက်ရှိ သခွားသီးအပါအဝင် ဒေသထွက် ရာသီပေါ် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါသခွားသီးများ ဝယ်ယူမှုအားကောင်းကာ အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှု သက်သာခြင်း လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိနေကြောင်း မြန်အောင်မြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## မြင့်မြတ်သောလူ

– မေတ္တာကို ရင်ဝယ်ပိုက်ပါလို့
အဖိုးထိုက်တဲ့ မြတ်သောလူ၊
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးတွေးယူ၊
လူအချင်းချင်း ဖေးမကူ
အသားအရောင်မတူ မခွဲခြား၊
လောကဝယ် တန်ဖိုးဖြတ်မရတဲ့
မြင့်မြတ်လူသား။

– ရိုးသားစွာ ကြိုးစား
မုဒိတာပွား လူတိုင်းအပေါ်၊
အချိန်ကို စည်းကမ်းတကျ
အသုံးချ လူတော်၊
ဖွဲလုံ့လ ဝီရိယအဖော်
ပျော်ရွှင်စွာ ရှေ့ဆက်၊
ကတိသစ္စာ တန်ဖိုးထား
လှုပ်ရှား ထမ်းရွက်။

– ကိုယ်ကျိုးမပါ အတ္တမဖက်
အဘက်ဘက်က ထူးချွန်စွာ၊
ပတ်ဝန်းကျင် ကောင်းကျိုး
သယ်ပိုးအစဉ်ပါ၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာ
ရင်ထဲမှာ စွဲမှတ်သား၊
လောကဝယ် ရိုးဂုဏ်ဆင့်
မြင့်မြတ်လူသား။ ။

**ချစ်သက်(မြန်မာစာ)**

➤ စာမျက်နှာ ၄ မှအဆက်

ကျန်စစ်သားမင်းသည် မွန်ဘာသာစကားကိုအသုံးပြုကာ စစ်ရေးတွင်ရှုံးနိမ့်ခဲ့သည့် မွန်တိုင်းရင်းသားများအတွက် ဖြေသိမ့်ဖွယ်ဖြစ်စေခဲ့သကဲ့သို့ မိမိသည် ဘုရားရှင်၏ ဗျာဒိတ်တော်ရမင်းဖြစ်ကြောင်း ကျောက်စာများတွင်ရေးထိုးကာ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုကို အသုံးပြုခဲ့ကြောင်း ပုဂံခေတ် မြန်မာစာစာအုပ်တွင် ဖော်ပြထားသည်။

မွန်ဒေသတွင် စိုက်ထူခဲ့သည့် ကျောက်စာသုံးချပ်ဖြစ်သည့် ကျိုက်တလန်း၊ ကျိုက်တဲနှင့် ညောင်ဝိုင်းကျောက်စာတို့သည် တစ်ချိန်တည်းရေးထိုးခဲ့သည့် ကျောက်စာများဖြစ်ကြကာ ရေးထိုးထားသည့် စာသားအများစုသည် ကျောက်စာတစ်ချပ်နှင့်တစ်ချပ်သည် ထပ်တူနီးပါးတူညီနေကြသည်။

ကျန်စစ်သားမင်းကြီးသည် မိမိအတ္ထုပ္ပတ္တိကို မွန်ပညာရှိတို့အား ကျောက်စာရေးထိုးစေခြင်း၊ နန်းတော်ဆောက်လုပ်ခြင်း၊ ပြည်တွင်းရှိ မြကန်၊ အလံပုဂံကန်ကို တူးခြင်းကိစ္စဖြစ်သော ကိုယ်ရေးကိုယ်တာနှင့် ပြည်တွင်းကိစ္စကို ဆောင်ရွက်ပြီးမှသာ အဝေးဖြစ်သော ပြည်ရွှေဆံတော် ကျောက်စာ၊ သထုံနယ်ရှိ ကျိုက်တဲကျိုက်တလန်းဘုရားပြင်ဆင်ခြင်း၊ ကျောက်စာများရေးထိုးဖွယ်ရာရှိသည်ဟု ကျန်စစ်သားမင်းကျောက်စာများအပါအဝင် မွန်ကျောက်စာများကို တည်းဖြတ်၊ ဘာသာပြန်ဆိုခဲ့သူ ဆရာကြီးဦးချစ်သိန်းက သုံးသပ်ရေးသားခဲ့သည်။

လွန်ခဲ့သည့် ၉၂၇ နှစ်က ကျန်စစ်သားမင်းရေးထိုးခဲ့သည့် ကျိုက်တလန်းကျောက်စာကို ကျန်စစ်သားမင်း၏ အလှူမှတ်တမ်းတစ်ခုအဖြစ်သာမက မိမိအတ္ထုပ္ပတ္တိကို အကျယ်တဝင့်ဖော်ပြပြီး ပြည်သူများကို စည်းရုံးခဲ့သည့် ကျောက်စာတစ်ချပ်အဖြစ်ပါ လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**
- **ပုဂံခေတ် မြန်မာစာ(စောလူ)**
- **ကျိုက်တလန်းမွန်ကျောက်စာလေ့လာချက် (ဒေါက်တာအောင်မြင့်ဦး)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံက ဒုတိယကမ္ဘာစစ်အောင်ပွဲ နှစ် ၈၀ ပြည့်အခမ်းအနားအတွက် မေ ၈ ရက်မှ ၁၀ ရက်ထိ အပစ်အခတ်ရပ်စဲထားမည်



**မော်စကို ဧပြီ ၂၉**

ဒုတိယကမ္ဘာစစ်၌ ဆိုဗီယက်ပြည်ထောင်စုနှင့် မဟာမိတ်များ အောင်ပွဲရရှိမှု နှစ် ၈၀ ပြည့် အထိမ်းအမှတ်အတွက် ယူကရိန်းစစ်မြေပြင်တွင် မေ ၈ ရက်မှ ၁၀ ရက်ထိ ၇၂ နာရီကြာ အပစ်အခတ်ရပ်စဲပေးမည်ဖြစ်ကြောင်း ရုရှားအစိုးရက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဒုတိယကမ္ဘာစစ် အောင်ပွဲ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပမည့် မေ ၈ ရက်မှ ၁၀ ရက်ထိ သုံးရက်တာကာလအတွင်း ယူကရိန်းစစ်ပွဲ၌ အပစ်အခတ်ရပ်စဲပေးမည်ဖြစ်ကြောင်း ရုရှားအစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတပူတင်ဦးဆောင်၍ ရုရှားနိုင်ငံ၌ မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ် အောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ၌ တရုတ်သမ္မတရှီကျင့်ဖျင်အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များလည်း တက်ရောက်ကြမည်ဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလတ်ဗ်ရော့ဗ်တို့ကြား ဧပြီ ၂၇ တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီးနောက် သုံးရက်ကြာအပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ရုရှားအစိုးရက ကြေညာထားခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့ကြား အမြဲတမ်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူကြရန် လိုလာကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

ဒုတိယကမ္ဘာစစ်အောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်ကာလတွင် ရုရှားနိုင်ငံအနေဖြင့် စစ်ဆင်ရေးပုံစံအားလုံး ရပ်ပေးထားမည်ဖြစ်ကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံက စစ်ရေးအရကျူးကျော်နိုင်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ပြောကြား

**အစ္စလာမ္မာဘတ် ဧပြီ ၂၉**

အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်မှု အချိန်မရွေးရှိနိုင်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ခါဝါဂျာမူဟာမ်မက် အဆစ်ဖ်က ဧပြီ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံကထိန်းချုပ်ထားသော ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုတစ်ရပ်ကြောင့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး၏ အဆိုပါသုံးသပ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အိမ်နီးချင်း အိန္ဒိယနိုင်ငံက အချိန်မရွေး ကျူးကျော်တိုက်ခိုက်လာနိုင်သည်ဖြစ်ရာ စစ်အင်အားဖြည့်တင်းထားကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးက ပြောကြားထားသည်။

ကတ်ရှ်မီးယားဒေသ ပါဟယ်ဂမ်မြို့အနီး ဧပြီ ၂၂ ရက်ကဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်းစစ်သွေးကြွအဖွဲ့ဟု ယူဆရသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသား ၂၆ ဦး သေဆုံး၍ ၁၇ ဦး ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် ပါကစ္စတန်နိုင်ငံသား အကြမ်းဖက်သမား နှစ်ဦး ပါဝင်ကြောင်း အိန္ဒိယအစိုးရက ကြေညာခဲ့ပြီး ပါကစ္စတန်နိုင်ငံအပေါ် အရေးယူမှုများပြုလုပ်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားစွာ တင်းမာခဲ့ရသည်။

ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ပါကစ္စတန်နိုင်ငံက ကြေညာထားပြီး ၎င်းတိုက်ခိုက်မှုအတွက် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ပါကစ္စတန်၌ လောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲ နှစ်ဦးသေဆုံး၍ ၅၆ ဦး ဒဏ်ရာရရှိ

**အစ္စလာမ်ဘတ် ဧပြီ ၂၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ လောင်စာဆီများ ယိုစိမ့်နေသည့် လောင်စာဆီတင်ယာဉ်တစ်စီး ဧပြီ ၂၈ ရက်က မီးလောင်ပေါက်ကွဲခဲ့ရာ လူနှစ်ဦး သေဆုံး၍ ၅၆ ဦး ဒဏ်ရာများရရှိခဲ့သည်။



အဆိုပါ လောင်စာဆီတင်ယာဉ် မီးလောင်ပေါက်ကွဲမှုသည် ဘလူချီစတန်ပြည်နယ် နေ့ရှ်ကီခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် မီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

လောင်စာဆီယိုစိမ့်မှုကြောင့် မီးစွဲလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်သမားများက ကြိုးစားနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

လောင်စာဆီတင်ယာဉ် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူ နှစ်ဦးမှာ လောင်စာဆီတင်ယာဉ်မောင်းနှင့် လမ်းသွားလမ်းလာတစ်ဦးဖြစ်ပြီး မီးသတ်သမားများအပါအဝင် ၅၆ ဦး ဒဏ်ရာများ ရရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံ၌ လောင်စာဆီတင်ယာဉ်များကြောင့် လူအသေအပျောက်များသော ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်ကလည်း ပန်ဂျပ်ပြည်နယ်၌ လောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲခဲ့ရာ လူဦးရေ ၂၀၀ ကျော် သေဆုံးခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်ဆိပ်ကမ်း မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ အနည်းဆုံး ဦးရေ ၇၀ ခန့်ထိရှိလာ

**တီဟီရန် ဧပြီ ၂၉**

အီရန်နိုင်ငံတောင်ပိုင်း ရှာဟစ်ရာဂျားဆိပ်ကမ်း မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ အနည်းဆုံး လူဦးရေ ၇၀ ခန့် ရှိလာပြီဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဒဏ်ရာရရှိသူအရေအတွက်မှာလည်း ဦးရေ ၁,၂၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

ရှာဟစ်ရာဂျား ဆိပ်ကမ်း ပေါက်ကွဲမီးလောင်မှုသည် ဧပြီ ၂၆ ရက်တွင် ဖြစ်ပွားခဲ့ပြီး ၄၈ နာရီကြာမှသာ မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

ရှာဟစ်ရာဂျားဆိပ်ကမ်းပေါက်ကွဲ မီးလောင်မှုသည် ဆိပ်ကမ်း၌ ရှိနေသော ဗုံးကျည်လောင်စာရည် ထုတ်လုပ်ရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့် ဆက်စပ်နေကြောင်း သတင်းများ ပေါ်ထွက်နေသော်လည်း ၎င်းသတင်းများကို အီရန်ကာကွယ်ရေးဝန်ကြီးဌာနက ငြင်းပယ်ထားသည်။

လက်ရှိအချိန်တွင် အီရန်တာဝန်ရှိသူများသည် ရှာဟစ်ရာဂျားဆိပ်ကမ်းနယ်မြေ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ရှာဟစ်ရာဂျားဆိပ်ကမ်းပေါက်ကွဲမီးလောင်မှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို အီရန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ၌ စားသောက်ဆိုင်မီးလောင်မှုကြောင့် ၂၂ ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ



**ပေကျင်း ဧပြီ ၂၉**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်ယန်မြို့၌ ယနေ့တွင် စားသောက်ဆိုင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၂ ဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လျောင်ယန်မြို့ လူနေရပ်ကွက်တစ်ခုရှိ စားသောက်ဆိုင်မီးလောင်မှုသည် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

လျောင်ယန်မြို့ စားသောက်ဆိုင်မီးလောင်မှုမှာ သင်ခန်းစာယူရမည့် မတော်တဆမှုဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် စားသောက်ဆိုင်မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ရန်လည်း ဒေသန္တရတာဝန်ရှိသူများကို သမ္မတရှီကျင့်ဖျင်က တိုက်တွန်းထားသည်။

အဆောက်အအုံတည်ဆောက်မှု စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်မှုကြောင့် တရုတ်နိုင်ငံ၌ လူအသေအပျောက်များသော မီးလောင်မှုများ မကြာခဏဖြစ်ပွားတတ်သည်။

ထို့ပြင် ယခုလအတွင်းမှာပင် တရုတ်နိုင်ငံ ဟီပေပြည်နယ်၌ သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ လူဦးရေ ၂၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေးဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဧပြီ ၂၉**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဧပြီ ၂၈ ရက် သတင်းများအရ သိရသည်။

တီအန်လီယန် II – 05 အမည်ရှိ အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်အာကာသစခန်းမှ တစ်ဆင့် ဧပြီ ၂၇ ရက်က လောင်းမတ်ချ်–၃ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ် – ၃ဘီ ဒုံးပျံသည် တီအန်လီယန် II – 05 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တီအန်လီယန် II – 05 ဂြိုဟ်တုသည် လက်ရှိပတ်လမ်းနေရာမှ တစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင်ပေါင်း ၂၂၀၀၀ ကျော် အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တီအန်လီယန် II–05 ဂြိုဟ်တုသည် အာကာသယာဉ်နှင့် အာကာသစခန်းကဲ့သို့ အာကာသယာဉ်မှူးများရှိနေသော အာကာသယာဉ်များအတွက် သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့မည်ဖြစ်သည်။

တီအန်လီယန် II–05 ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၅၇၂ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တီယန်ကောင်းအာကာသစခန်းပေါ်၌ တာဝန်ထမ်းဆောင်နေသော ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်


**ပေကျင်း ဧပြီ ၂၉**

တီယန်ကောင်းအာကာသစခန်းပေါ်၌ တာဝန်ထမ်းဆောင်နေသော ရှန်ကျိုး–၁၉ အာကာသယာဉ်မှူးများသည် ယနေ့တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်လာကြောင်း သိရသည်။

ရှန်ကျိုး–၁၉ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်း စီမံခန့်ခွဲရေး တာဝန်များကို ရှန်ကျိုး–၂၀ အာကာသယာဉ်မှူးများထံ ဧပြီ ၂၇ ရက်က လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး–၁၉ အာကာသယာဉ်မှူး သုံးဦးတို့ ပြန်လည်လိုက်ပါလာသည့် ရှန်ကျိုး–၁၉ အာကာသယာဉ်သည် ယနေ့တွင် အတွင်းမွန်ဂိုလီးယားဒေသ တောင်ဖန်အာကာသယာဉ် ဆင်းသက်နယ်မြေ၌ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်အာကာသယာဉ်မှူးသုံးဦးတို့သည် တီယန်ကောင်း အာကာသစခန်းပေါ်၌ ခြောက်လကြာ တာဝန်ထမ်းဆောင်ခဲ့ကြပြီး ဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် တောင်ဖန်အာကာသယာဉ် ဆင်းသက်နယ်မြေမှ ဝန်ထမ်းများသည် ရှန်ကျိုး–၁၉ အာကာသယာဉ်မှူးများကို ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ရှန်ကျိုး–၁၉ အာကာသယာဉ်မှူးများနေရာ၌ အစားထိုးတာဝန်ထမ်းဆောင်မည့် ရှန်ကျိုး–၂၀ အာကာသယာဉ်မှူး သုံးဦးတို့သည် တီယန်ကောင်း အာကာသစခန်းသို့ ဧပြီ ၂၄ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာ့ပထမဆုံး တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောသားရေကို ဖန်တီးရန် The Organoid ဇီဝနည်းပညာကုမ္ပဏီတစ်ခုက စီစဉ်ထား

**ဝါရှင်တန် ဧပြီ ၂၉**

အမေရိကန်နိုင်ငံအခြေစိုက် The Organoid အမည်ရှိ ဇီဝနည်းပညာ ကုမ္ပဏီတစ်ခုသည် ကမ္ဘာ့ပထမဆုံး တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောသားရေကို ဖန်တီးရန် စီစဉ်ထားကြောင်း ဧပြီ ၂၈ ရက် သတင်းများအရ သိရသည်။

The Organoid ကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆော သားရေကို တိုင်ရန်နိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုမှ ရရှိထားသော ကော်လာဂျင်ခေါ် အရေပြားပရိုတင်းကို အသုံးပြုမည်ဖြစ်သည်။

တိုင်ရန်နိုဆောရပ်စ်၏ ကော်လာဂျင်ပရိုတင်းကို မျိုးဗီဇ ဇယားချ၍ ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသော သားရေဆဲလ်များဖြင့် ပေါင်းစပ်ပေးပါက တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောသားရေကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တိုင်ရန်နိုဆောရပ်စ် သားရေကို ဖန်တီးရာတွင် မွန်တားနားပြည်နယ်၌ ၁၉၈၈ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ရသော တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းမှ ရရှိသော ကော်လာဂျင်ပရိုတင်းကို အသုံးပြုမည်ဖြစ်သည်။

မွန်တားနားပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ရသော တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသည် အပြည့်စုံဆုံး တိုင်ရန်နိုဆောရပ်စ်ရုပ်ကြွင်းများထဲတွင် ပါဝင်ပြီး သွေးပရိုတင်းများကိုပင် ထိန်းထားနိုင်ကြောင်း သိရသည်။

တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများသည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၇၀ ခန့်က ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## မျိုးဗီဇပုံစံလေးမျိုးကို တိုင်းတာစစ်ဆေးခြင်းဖြင့် အစာအိမ်ကင်ဆာရောဂါကို ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိ

**ဘာရာဏီးလီးယား ဧပြီ ၂၉**

မျိုးဗီဇပုံစံလေးမျိုးကိုတိုင်းတာစစ်ဆေးခြင်းဖြင့် အစာအိမ်ကင်ဆာရောဂါ မည်သို့ဖြစ်ပွားလာသည်၊ ရောဂါ မည်မျှပြင်းထန်နိုင်သည်တို့ကို ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိကြောင်း ဧပြီ ၂၈ ရက်သတင်းများအရ သိရသည်။

အထက်ပါမျိုးဗီဇပုံစံ လေးမျိုးကို စစ်ဆေးတိုင်းတာခြင်းဖြင့်ဆရာဝန်များအနေဖြင့် လူနာများအတွက် အသင့်လျော်ဆုံးကုထုံးကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း ဘာရာဏီး သုတေသန ပညာရှင်များက ပြောကြားသည်။

ဘာရာဏီး သုတေသနပညာရှင်များသည် အစာအိမ်ကင်ဆာလူနာ ၈၇ ဦးတို့မှ ရရှိထားသော ကင်ဆာတစ်ရှူးနမူနာများအတွင်းရှိ မျိုးဗီဇ ၂၁ မျိုးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ERCA–2၊ CDH–1၊ RHDN နှင့် TPCI ခေါ် မျိုးဗီဇပုံစံ လေးမျိုး ပေါင်းစည်းမှုပုံစံ အပြောင်းအလဲရှိနေသူများမှာ အစာအိမ်ကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေ၊ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ မြင့်မားနေတတ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘာရာဏီး သုတေသန ပညာရှင်များသည် ၎င်းတို့၏ လေ့လာတွေ့ရှိချက်ကို လက်ရှိ ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်များနှင့် နှိုင်းယှဉ်အတည်ပြုရန် ကြိုးစားလျက်ရှိသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အစာအိမ်ကင်ဆာ လူနာတစ်ဦးချင်းအတွက် သီးသန့်ကုထုံးများပေးနိုင်ရေးအတွက် နီးစပ်လာနိုင်ပြီဟုဆိုနိုင်ကြောင်း ဘာရာဏီး သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

## မြင်လွှာကြောပါးလွှာမှုပြဿနာကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် Dementia ဖြစ်ပွားနိုင်

**ဝယ်လင်တန် ဧပြီ ၂၉**

အမြင်အာရုံဝေဝါးမှုနှင့်အစက်အပြောက်များ တွေ့မြင်ရမှုသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ငယ်ငယ်ရွယ်ရွယ်နှင့် ဖြစ်ပွားနိုင်ကြောင်း ဧပြီ ၂၈ ရက် သတင်းများအရ သိရသည်။

နယူးဇီလန် သုတေသနပညာရှင်များ၏အဆိုအရ မျက်လုံး၏နောက်ဘက်ပိုင်းရှိ အလင်းအာရုံခံတစ်ရှူးလွှာများ ပုံမှန်မဟုတ်ဘဲ ပါးလွှာနေသူများတွင် အသက် ၆၀၊ ၅၀ နှင့် ၄၀ ခန့်မှာပင် Dementia ရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဆေးပညာလောက၌ မျက်လုံးမြင်လွှာကြော ပါးလွှာမှုပြဿနာအဖြစ် လည်း လူသိများသည့် အထက်ပါ အမြင်အာရုံပြဿနာကြောင့် အမြင်အာရုံဝေဝါးခြင်း၊ အစက်အပြောက်များ တွေ့ရခြင်းစသည့်ပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မြင်လွှာကြော ပါးလွှာမှုပြဿနာရှိနေသူများ၌ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် Dementia ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားနေတတ်သည်ကိုတွေ့ရကြောင်းနယူးဇီလန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် မျက်လုံးအတွင်းရှိ သွေးကြောများပုံမှန်ထက် ကျဉ်းမြောင်းသူ၊ ပုံမှန်ထက်ကျယ်နေသူများတွင်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်နေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

# တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟုဆို

**လန်ဒန် ဧပြီ ၂၉**

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် တံကောက်ကြော ဒဏ်ရာကြောင့် ပဲလေ့စ်အသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ အသင်းအနေဖြင့် သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အပြင် ၎င်းအနေဖြင့်လည်း ဘောလုံးရာသီကုန်ထိ အနားယူရဖွယ်ရှိကြောင်း အေဗီလာအသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် အမှတ်ပေးပွဲစဉ်ကတည်းက ကြွက်သားဒဏ်ရာ ရရှိနေသောကြောင့် ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် အသင်းနှင့်အတူ လိုက်ပါသွားခဲ့သော်လည်း ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် လက်ရှိတွင် ဒဏ်ရာအခြေအနေကို စစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် အနည်းဆုံး တစ်လခန့် ထပ်မံအနားယူရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရက်ရှ်ဖို့ဒ်အနေဖြင့် ဘောလုံးရာသီမကုန်ဆုံးမီ လက်ကျန်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ပြီး ကစားသမား၏ ကြံ့ခိုင်မှုပြဿနာကြောင့် အသင်းတာဝန်ရှိသူများက မန်ယူအသင်းမှ ယူရို သန်း ၄၀ ဖြင့် အပြီးသတ်ဝယ်ယူမည့်အစီအစဉ်ကိုလည်း ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ၎င်းအနေဖြင့် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည့်အပြင် လာမည့်နှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ဝင်ခွင့်ရမည့် အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားလိုကြောင်း အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ဘလိတ်အနေဖြင့် တံကောက်ကြောဒဏ်ရာ သက်သာလာခြင်းမရှိသဖြင့် အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ချန်လှပ်ခဲ့ရပြီးနောက် လာမည့်ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပွဲစဉ်ဖြစ်သည့် အင်တာမီလန်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ရီးရဲလ် မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ထိ အသုံးပြုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- အာဆင်နယ်၊ ချဲလ်ဆီး၊ လီဗာပူး၊ မန်ယူနှင့် နယူးကာဆယ် အသင်းတို့ကခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး လွတ်မန်းကို ဘာစီလိုနာအသင်းက လက်ဦးမှုရယူနိုင်ရန် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ချိတ်ဆက်ဆွေးနွေး လျက်ရှိသည်။ **ML**

# ဘရာဇီးလက်ရွေးစင်အသင်းကိုတာဝန်ယူရန် နည်းပြအန်ဆယ်လော့တီ သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်




**ရီယိုဒီဂျနေးရိုး ဧပြီ ၂၉**

ရီးရဲလ်မက်ဒရစ် အသင်းမှ ထွက်ခွာရန် သေချာနေသည့် နည်းပြ အန်ဆယ်လော့တီကို ဘရာဇီးလက်ရွေးစင် အသင်းက နည်းပြသစ်ခန့်အပ်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ပုဂ္ဂိုလ်ရေးအရ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သည်ဟု သတင်းထွက်ပေါ်နေကြောင်း သိရသည်။

ဘရာဇီးဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့် ဇွန်လတွင် ကစားရမည့်ကိုပါအမေရိကဖလား ခြေစစ်ပွဲအပါအဝင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြအန်ဆယ်လော့တီကို တာဝန်ပေးအပ်ရန် ကြိုးပမ်းလျက်ရှိပြီး ယခုအခါ အန်ဆယ်လော့တီက ရီးရဲလ်မက်ဒရစ်မှ ထွက်ခွာမည်ဖြစ်သောကြောင့် လာလီဂါဘောလုံးပြိုင်ပွဲ ပြီးဆုံးချိန် နှစ်ရက်အကြာ မေ ၂၆ ရက်တွင် ဘရာဇီးအသင်းကို စတင်တာဝန်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၆၅ နှစ်ရှိ နည်းပြအန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၆ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ဘာစီလိုနာအသင်းကို ကိုပါဒယ်ရေး ဖလားပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် အန်ဆယ်လော့တီနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာရန်သဘောတူညီမှုရခဲ့သည်။

ဘရာဇီးအသင်းသည် တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ခဲ့သည့် မတ်လကတည်းက နည်းပြဒိုရစ်ဗယ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ နည်းပြအန်ဆယ်လော့တီကို ခန့်အပ်နိုင်ရန် အကြိုသဘောတူညီမှု ရရှိခဲ့သောကြောင့် လာမည့် ဇွန် ၄ ရက်နှင့် ဇွန် ၉ ရက်တွင်ကစားမည့် အီကွေဒါအသင်း၊ ပါရာဂွေးအသင်း တို့နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# တောင်ပံကစားသမား ဆာကာကို စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဧပြီ ၂၉**

အာဆင်နယ် အသင်းသည် တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြ ကစားနေသည့် တောင်ပံကစားသမားဆာကာကို စာချုပ်သက်တမ်းတိုးရန်ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် လာမည့် ရက်သတ္တပတ်တွင် တရားဝင် ထုတ်ပြန် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဆာကာသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း တိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်ပြီး အသင်းအတွက် အဆုံးအဖြတ်ဂိုးများ သွင်းယူနိုင်ခဲ့ကာ အသင်းအနေဖြင့် ရလဒ်ကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သည့်အချိန်တွင် တိုက်စစ်ပိုင်း ကျဆင်းခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ်များဆုံးရှုံးခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်ခွင့် ဆုံးရှုံးခဲ့သည်။

သို့သော် အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ထိ ရောက်ရှိခဲ့ပြီး ဆာကာအနေဖြင့်လည်း ဖနောင့် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်ခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြ ကစားနိုင်ခဲ့သကဲ့သို့ လက်ရှိအချိန်ထိ အသင်းအတွက် သွင်းဂိုး ၆၀ နှင့် ဂိုးဖန်တီးမှု အကြိမ်ရေ ၇၀ ထိ ပြုလုပ်နိုင်ခဲ့သူဖြစ်၍ အသင်းတာဝန်ရှိသူများက ၎င်းကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့ရာ အကြိုသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။



ဆာကာသည် အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားတစ်ဦး ဖြစ်သည့် ၎င်းကို ဥရောပထိပ်သီး ကလပ်များက စံချိန်တွင်ပြောင်းရွှေ့ကြေးများဖြင့်ခေါ်ယူရန် ကမ်းလှမ်းလာသောကြောင့် နည်းပြအာတီတာက တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦး ဖြစ်သည့် ဆာကာကို သက်တမ်းတိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အန်ဒရီဗာနှင့် ကိုကိုဂတ်ဖ်တို့ ထိပ်တိုက်တွေ့ဆုံ



**မက်ဒရစ် ဧပြီ ၂၉**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားဆယ်ကျော်သက်တင်းနစ်မယ် အန်ဒရီဗာသည် ယူကရိန်းတင်းနစ်မယ် စတာရိုဒက်ဆီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဒရီဗာက (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ဧပြီ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်အရွယ်သာရှိသေးသည့် အန်ဒရီဗာသည် ၂၀၂၅ ခုနှစ်အတွင်း ရလဒ်များ တောက်လျှောက်ကောင်းမွန်နေသလိုအောင်မြင်မှုများလည်း ရရှိထားသူဖြစ်ပြီး လာမည့်နှစ်အနည်းငယ်အတွင်း ကမ္ဘာ့အဆင့် (၁)နေရာကိုရယူနိုင်မည့် ဆယ်ကျော်သက် တင်းနစ်မယ်အဖြစ်လည်း ရေပန်းစားနေသူဖြစ်ကြောင်း သိရသည်။

အန်ဒရီဗာက "ပထမပွဲငယ်ရဲ့ ပထမ set မှာ (၁၅-၄၀) အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်မစပေးဘောစပေးရတဲ့ပွဲငယ်မှာ အခုလိုဦးဆောင်ခံလိုက်ရတဲ့အတွက် ဖိအားတော့ဝင်သွားတယ်။ ရှိသမျှစွမ်းအင် အကုန်အသုံးချရမယ်လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးပြီးတော့ ကြိုးစားခဲ့တာ လိုချင်တဲ့ရလဒ်ကို ရယူနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် အခြားသောပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်သည် ဆွစ်ဇာလန် တင်းနစ်မယ်ဘန်ဆစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က (၆-၄၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

ကိုကိုဂတ်ဖ်က "ဘန်ဆစ်ဟာ ထိပ်တန်းကစားသမားတစ်ယောက်ဖြစ်တဲ့အတွက် ကစားရခက်ခဲခဲ့ပါတယ်။ ပထမပွဲငယ်မှာပိုပြီးတော့ ခက်ခဲခဲ့ပါတယ်။ ခက်ခဲတဲ့ပွဲစဉ်ကို အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

ကိုကိုဂတ်ဖ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အန်ဒရီဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# WBC Latino စူပါဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဘီယာနှင့် ကယ်လီတို့ ယှဉ်ပြိုင်ထိုးသတ်မည်




**ပွာတိုရီကို ဧပြီ ၂၉**

WBC Latino စူပါဝယ်သာဝိတ်တန်းချန်ပီယံ ရိုမေးနီးယားလက်ဝှေ့သမား ဘီယာသည် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ကယ်လီနှင့် ဇွန် ၆ ရက်တွင် နယူးကာဆယ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီယာသည် ဝယ်သာဝိတ်တန်းလောကတွင် ထိုးချက်ပြင်းသည့် လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ကယ်လီအတွက် ခက်ခဲသည့်ပြိုင်ပွဲဖြစ်လာနိုင်သည်။

အသက် ၃၁ နှစ်အရွယ် ကယ်လီသည် စိန်ခေါ်ပွဲပေါင်း ၁၇ ပွဲထိုးသတ်ထားကာ တစ်ပွဲရှုံးနိမ့်ထားသော်လည်း အသက် ၃၅ နှစ်အရွယ်ဘီယာသည်လည်း စိန်ခေါ်ပွဲပေါင်း ၂၅ ပွဲထိထိုးသတ်ခဲ့ရာ ရှုံးပွဲတစ်ပွဲသာရှိသူဖြစ်ပြီး အတွေ့အကြုံပိုင်းအရ ကယ်လီထက် ပိုမိုသာလွန်နေသကဲ့သို့ လက်ရှိချန်ပီယံတစ်ဦးဖြစ်သည့်အတွက် ၎င်းကို အနိုင်ရရှိရေးမှာ ကယ်လီအတွက် ခက်ခဲနိုင်သည်။

ကယ်လီက "ဘီယာဟာ အခြားဝိတ်တန်းမှာ ထိုးသတ်ခဲ့စဉ်က အထင်ကြီးလောက်စရာ စွမ်းဆောင်ရည်တွေပြသထားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့စူပါဝယ်သာတန်းမှာတော့ အထင်ကြီးလောက်စရာစွမ်းဆောင်ရည်မျိုးမပြသနိုင်သေးပါဘူး။ သူကတော့ ကျွန်တော့်ကို အလဲထိုးဖို့ကြုံးဝါးနေတယ်။ ဇွန် ၆ ရက်ကျရင် ကျွန်တော်ဘာလဲဆိုတာသူ့ကိုပြမယ်။ ဒီပွဲနိုင်ရန် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရမှာဖြစ်တဲ့အတွက် ဒီပွဲမှာအမှားခံလို့မရပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# စပါးအသင်းနှင့် အေဗီလာအသင်းတို့ပွဲစဉ် ရွှေ့ဆိုင်းပေးရန်တောင်းဆိုမှု ပယ်ချခံရ

**လန်ဒန် ဧပြီ ၂၉**

စပါးအသင်းနှင့် အေဗီလာအသင်းသည် မေ ၁၈ ရက်တွင် ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထံ တောင်းဆိုခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ထားပြီး ဘိုဒိုဂလင့်အသင်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ပါက မန်ယူအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့မှ တစ်သင်းသင်းဖြင့် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲကစားရမည်ဖြစ်သည့်အတွက် မေ ၁၈ ရက်တွင် ကစားရမည့်ပွဲစဉ်ကို အေဗီလာအသင်းနှင့် ညှိနှိုင်းခဲ့ပြီးနောက် ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

စပါးအသင်းက ဆီမီးဖိုင်နယ်အဆင့်တွင် ဘိုဒိုဂလင့်အသင်းကို အနိုင်ရရှိပြီး ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တက်ရောက်နိုင်မည်ဆိုပါက ဗိုလ်လုပွဲအတွက် ကြိုတင်ပြင်ဆင်ချိန် ရရှိရန်အတွက် အေဗီလာအသင်းနှင့် မေ ၁၈ ရက်တွင် ကစားမည့်ပွဲစဉ်ကို မေ ၁၅ ရက်တွင် ပြောင်းလဲကျင်းပခွင့်ရရှိရန်အတွက် တောင်းဆိုခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

စပါးအသင်းနှင့် အေဗီလာအသင်းတို့ပွဲစဉ် ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှု ပယ်ချခံခဲ့ရသည့်အတွက် အဆိုပါပွဲစဉ်ကို မူလသတ်မှတ်ထားသည့်အတိုင်း မေ ၁၈ ရက်တွင်သာ ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal
Trs : STA

# MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များစတင်ကျင်းပ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ စတင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၄နာရီက သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် YB United အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၁၆ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၄ မိနစ်၊ ၄၂ မိနစ်နှင့် မိနစ် ၅၀ တွင် ခွန်ကျော်ဇင်ဟိန်း၊ ပွဲချိန် ၁၇ မိနစ်နှင့် ၇၆ မိနစ်တွင် မြတ်ကောင်းခန့်၊ ပွဲချိန် ၂၉ မိနစ်တွင် ဟိန်းဖြိုးဝင်း၊ ပွဲချိန် ၃၆ မိနစ်တွင် စအောင်ပြည့်ကို၊ ပွဲချိန် ၃၈ မိနစ်၊ မိနစ် ၄၀၊ မိနစ် ၆၀နှင့် ၇၉ မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၄၈မိနစ် ၆၅ မိနစ်နှင့် ၈၁ မိနစ်တွင် ပီတာအောင်ဝေထူး၊ ပွဲချိန် ၅၂ မိနစ်နှင့် ၆၃ မိနစ်တွင် ဖွဲ့ထက်မင်းတို့က သွင်းယူနိုင်ခဲ့သည်။



အလားတူ ညနေ ၄ နာရီတွင် ပဒုမ္မာ အားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်တွင် ကောင်းမြတ်သူ၊ ပွဲချိန် ၈၆ မိနစ်တွင် တိုးဆက်နိုင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် မူဘာရက်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# MFF U-15 Youth League 2024-2025 ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဧပြီ ၂၉**

MFF U–15 Youth League 2024–2025 ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF U–15 Youth League 2024–2025 ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ လေ့ကျင့်ရေးကွင်း–၁ တွင် Mar Rein FC အသင်းနှင့် Mingalardon City အသင်းတို့ကစားခဲ့ရာ Mar Rein FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နံနက် ၈ နာရီက လေ့ကျင့်ရေးကွင်း–၂ တွင် Golden Light United အသင်းနှင့် Yangon Taung Zalat အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၄နာရီက လေ့ကျင့်ရေးကွင်း–၁တွင် Sour–thern Yangonအသင်းနှင့် The Honour အသင်းတို့ ကစားခဲ့ရာ Sourthern Yangonအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၄နာရီက လေ့ကျင့်ရေးကွင်း–၂ တွင် Burmese Youths အသင်းနှင့် Royal Yangon အသင်းတို့ကစားခဲ့ရာ Royal Yangon အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး MFF U–15 Youth League 2024–2025 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ဧပြီ ၃၀ ရက် ညနေ ၄ နာရီတွင် လေ့ကျင့်ရေးကွင်း–၁ တွင် Mya Thida FC အသင်းနှင့် Artharwady FC အသင်း၊ လေ့ကျင့်ရေးကွင်း–၂ တွင် Yangon Focusအသင်းနှင့် Shwe Pyi Thar အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA



# CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း မက်အီလ်ရွိုင်း ပြောကြား

**တက္ကဆက် ဧပြီ ၂၉**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် မေ ၁ ရက်တွင် တက္ကဆက်ပြည်နယ် ဒေါ်လက်စ်မြို့၌ ကျင်းပမည့် CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

မက်အီလ်ရွိုင်းသည် မကြာသေးမီက ဂေါက်သီးရိုက်လောက၏ အရှိန်အဝါအရှိဆုံးပြိုင်ပွဲဖြစ်သည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၁) နေရာကိုရယူနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသူဖြစ်သလို ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကိုရယူသွားရန် ပစ်မှတ်ထားနေသော်လည်း ပွဲပန်းမှုဒဏ်ကြောင့် အနားယူလို၍ CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ဘဲ အနားယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ အပြီးတွင် ရှိန်းလော်ရီနှင့်တွဲဖက်ကာ Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့ခြင်းမရှိဘဲ ပွဲပန်းမှုဒဏ်ကြောင့် ကောင်းစွာမကစားနိုင်၍ ရလဒ်မကောင်းခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းက "ကျွန်တော့်အနေနဲ့ ပွဲပန်းမှုဒဏ်ကြောင့်အနားယူဖို့လိုအပ်နေတယ်။ ဒါကြောင့် ပုံစံကောင်းနဲ့ ပြန်ကစားနိုင်ဖို့အတွက် အချိန်တစ်ခုပေးပြီးအနားယူဖို့လိုအပ်တယ်လို့ ယုံကြည်တဲ့အတွက် CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာမဟုတ်ပါဘူး။ ပြန်ကစားတဲ့အချိန်မှာ အကောင်းဆုံးပုံစံနဲ့ကစားနိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# အယူခံရုံးများနှင့် ဥပဒေပြဿနာ

စိန်လှိုင်ဗိုလ်

ယခုတစ်ပတ်တွင်လည်း မရိုးနိုင်သော အိမ်ရှင်၊ အိမ်ငှားပြဿနာကိုပင် ရေးသားတင်ပြပါဦးမည်။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(က)အရ အိမ်ရှင်က အိမ်ငှားကို နှင်လိုသောအခါ နို့တစ်စာပေးရပါသည်။ ထို့နောက်တွင်မှ တရားစွဲရပါသည်။ နို့တစ်စာပေးပို့ခြင်းနှင့်ပတ်သက်၍ အများပြည်သူသိသင့်သိထိုက်သော အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။

ပုသိမ်မြို့တရားရုံးတွင် အိမ်ငှားရမ်းခ ၂၁၀၀ ကျပ် ကျန်ရှိနေသဖြင့် အိမ်ရှင် ဒေါ်လှမေက အိမ်ငှား ဟူစိန်အပေါ် အိမ်နှင်လိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ ထိုအမိန့်ကို ဟူစိန်က မကျေနပ်၍ ပုသိမ်မြို့ရှိ အဆင့်မြင့်တရားရုံးသို့ အယူခံဝင်ရောက်ရာတွင်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှုတင်သွင်းခဲ့သည်။

အယူခံတရားလို ဟူစိန်က အိမ်နှင့် နို့တစ်စာများမှာ ဥပဒေနှင့်မကိုက်ညီကြောင်း၊ သူသည် အယူခံတရားပြိုင် ဒေါ်လှမေ၏ အိမ်ငှားမဟုတ်ကြောင်း၊ မူလရုံးတွင် ထုချေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ အယူခံတရားရုံးကလည်း မူလရုံးအတိုင်း ဆုံးဖြတ်ခဲ့သည်။ ဗဟိုတရားရုံးက သက်ဆိုင်ရာအမှုတွဲများကို လေ့လာလိုက်သည့်အခါ အယူခံတရားပြိုင် အိမ်ရှင်ဘက်မှ တရားမစွဲဆိုမီ အယူခံတရားလို အိမ်ငှားကို နို့တစ်စာနှစ်စောင်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရသည်။

တစ်စောင်မှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၆ အရ ပေးပို့သည့်နို့တစ်စာဖြစ်ပြီး နောက်တစ်စောင်မှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁)(က)အရပေးပို့သည့် နို့တစ်စာဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ-၁၀၆ နှင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁)(က)အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုမီ နို့တစ်စာတစ်ခုထဲတွင် ပေါင်းစပ်၍ပေးပို့ရမည်ဟု မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ထို့ကြောင့် ပေးပို့ခဲ့သည့် နို့တစ်စာနှစ်စောင်မှာ အထက်ပါဥပဒေနှစ်ရပ်နှင့် ကိုက်ညီစွာပေးပို့ခဲ့သည့် နို့တစ်စာများဖြစ်သဖြင့် ဥပဒေအရပျက်ပြယ်သည်ဟု အယူခံတရားလို အိမ်ငှား၏တင်ပြချက်ကို ဗဟိုတရားရုံးက လက်မခံနိုင်ကြောင်း စိစစ်သုံးသပ်ခဲ့သည်။

အယူခံတရားလိုသည် ပုသိမ်မြို့ လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်ရုံး ၁၉၆၈ ခုနှစ် အထွေထွေအမှုအမှတ်-၁၃ တွင် အယူခံတရားပြိုင်ကို လျှောက်ထားခံရသူပြုလုပ်၍ စံငှားရမ်းခ သတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။ ထိုအမှုတွင် မူလအိမ်လခ ၇၀ ကျပ်မှလျှော့ပြီး စံငှားရမ်းခမှာ တစ်လ ၆၀ ကျပ်ဖြစ်စေဟု သတ်မှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ ပုသိမ်မြို့ တရားမနယ်ပိုင်တရားသူကြီးရုံးသို့ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၃၂ အရ လွှဲအပ်လွှာတင်ခဲ့သည်။ အဆိုပါအမှုတွင်လည်း အယူခံတရားပြိုင် အိမ်ရှင် ဒေါ်လှမေကို လျှောက်ထားခံရသူအဖြစ် ထည့်သွင်းခဲ့သည်။

ထိုအမှုတွင် လျှောက်လွှာပလပ်ခြင်းခံရသည့်အတွက် ယခင်တရားရုံးချုပ်သို့ ၁၉၆၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၆၅ တွင် အမှုခေါ်စာချွန်တော်ဖြင့်ပယ်ဖျက်ပေးရန် အိမ်ငှားက လျှောက်ထားခဲ့သေးသည်။ ထိုအမှုတွင်လည်း အိမ်ရှင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သေးသည်။ ထိုအမှုကို တရားရုံးချုပ်က ပလပ်လိုက်သည်။

ဤကဲ့သို့ အထက်တွင်ဖော်ပြထားသည့် အမှုများတွင် အယူခံတရားပြိုင်အိမ်ရှင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့ခြင်းမှာ မိမိ၏ အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။ ယခုအမှုမှ အယူခံတရားပြိုင်အိမ်ရှင်သည် မိမိ၏ အိမ်ရှင်မဟုတ်ပါဟု အယူခံတရားလို အိမ်ငှားက မဆိုနိုင်တော့ကြောင်း သက်သေခံဥပဒေပုဒ်မ-၁၁၆ အရ ပိတ်ပင်ထားကြောင်း ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်၍ အယူခံကို စရိတ်နှင့်တကွပလပ်ခဲ့ပါသည်။



**ဦးဟူစိန်နှင့် ဒေါ်လှမေ ၁၉၇၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၁၀** သည် အိမ်ရှင်နှင့် အိမ်ငှားကြား အငြင်းပွားကြရာ၌ အိမ်ရှင်က အိမ်ငှားသို့ နို့တစ်စာပေးခြင်းအကြောင်းကို သိရှိနိုင်ကြမည်ဖြစ်ပါသည်။

ဆက်လက်၍ အိမ်ရှင်၊ အိမ်ငှားနှင့်စပ်လျဉ်း၍လည်း အယူခံမှုများ ဝင်ရောက်လာသောအခါတွင် အထက်အယူခံရုံးများသည် စိစစ်သုံးသပ်ရာ၌ ဆင်ခြင်ဆုံးဖြတ်လေ့ရှိသည့် အချက်အလက်များကို သိရှိနိုင်ကြစေရန် အမှုတစ်ခုအကြောင်းကို တင်ပြပါဦးမည်။

ဦးအောင်ကွန့်သည် အိမ်ငှားဖြစ်သည်။ ဒေါ်တဆုတ်သည် အိမ်ရှင်ဖြစ်သည်။ မကွေးတိုင်း မြို့သစ်မြို့ ဈေးတန်းရပ်ရှိ ဒေါ်တဆုတ်ပိုင်အိမ်မှ အခန်းသုံးခန်းကို ဦးအောင်ကွန့်က ငှားရမ်းနေထိုင်သည်။ အိမ်ရှင် ဒေါ်တဆုတ်က ထိုအခန်းသုံးခန်းကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုသည်ဟုအကြောင်းပြ၍ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(က)နှင့် (စ)တို့အရ မြို့သစ်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ထိုရုံးက ဒေါ်တဆုတ်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ဦးအောင်ကွန့်က မကျေနပ်သည့်အတွက် မကွေးတိုင်းတရားရုံးသို့ အယူခံဝင်ရောက်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှုတင်သွင်းခဲ့သည်။

အယူခံမှုတွင် အယူခံတရားလို အိမ်ငှား ဦးအောင်ကွန့်၏ရှေ့နေက အဓိက အချက်သုံးချက်တင်ပြသည်။ ပထမအချက်မှာ အယူခံတရားပြိုင် ဒေါ်တဆုတ်သည် အခင်းဖြစ်အခန်းများကို ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်မတိုင်မီက ပိုင်ဆိုင်ခဲ့ကြောင်း သက်သေအထောက်အထား မတင်ပြခဲ့သဖြင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁) (စ) အရ တရားစွဲဆိုပိုင်ခွင့်မရှိကြောင်းဖြစ်သည်။ ဒုတိယအချက်မှာ အယူခံတရားပြိုင် ဒေါ်တဆုတ်သည် အခင်းဖြစ်အခန်းများကို ရိုးသားသောသဘောမပါဘဲနှင့် အိမ်ငှားကိုတမင်သက်သက်နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်သည်။ တတိယအချက်မှာ အယူခံတရားလို အိမ်ငှားထံသို့ အယူခံတရားပြိုင် အိမ်ရှင်က တရားမစွဲဆိုမီပေးပို့သောနို့တစ်စာသည် ဥပဒေအရ တရားဝင်သော နို့တစ်စာမဟုတ်ပါဟူသော အချက်သုံးချက်ဖြစ်သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(စ)၏ ခြွင်းချက်အရ ၁၉၄၅ ခုနှစ် မေလ ၁ ရက်မတိုင်မီ ပိုင်ရှင်ဖြစ်မှသာလျှင် ၎င်းပုဒ်မအရ အိမ်နှင်လိုမှုစွဲဆိုပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မူလရုံးအမှုတွဲကို လေ့လာလိုက်သည့်အခါ အယူခံတရားပြိုင် **အိမ်ရှင်သည် ၁၉၄၅ ခုနှစ် မေလ ၁ ရက်မတိုင်မီက ပိုင်ရှင်မဟုတ်ပါဟု အယူခံတရားလို အိမ်ငှားအနေဖြင့် အဆိုပြုထားကြောင်း မတွေ့ရပေ။ ထို့ကြောင့် ဤအချက်နှင့်ပတ်သက်ပြီး အယူခံတရားလိုအိမ်ငှားသည် ဒုတိယအမှုတွင် အရေးမဆိုနိုင်တော့ကြောင်း** ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အယူခံတရားပြိုင်အိမ်ရှင်အနေဖြင့် အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်း ဟုတ်၊ မဟုတ်မှာ အကြောင်းခြင်းရာအချက်အလက်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် အယူခံတိုင်းတရားရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်သည်။ အကြောင်းခြင်းရာအချက်အလက်နှင့်ပတ်သက်ပြီး မူလတရားရုံးနှင့် ပထမအယူခံရုံးတို့၏အဆုံးအဖြတ်တို့မှာ ထပ်တူဖြစ်နေလျှင်၊ ဒုတိယအယူခံရုံးအနေဖြင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင်အိမ်ရှင်သည် အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုပါသည်ဟူသောအချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် ပထမအယူခံရုံးတို့က ထပ်တူထပ်မျှ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အထူးအကြောင်းမရှိကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

တစ်လမှတစ်လသို့ငှားရမ်းသည့် အိမ်ရှင်နှင့် အိမ်ငှားဆက်သွယ်မှုကို ရုပ်သိမ်းလိုလျှင် အိမ်ရှင်က အိမ်ငှားကို အနည်းဆုံး ၁၅ ရက်ကြိုတင်ပြီး စာဖြင့် အကြောင်းကြား၍ ရုပ်သိမ်းရမည့်အပြင် ဤကဲ့သို့ အိမ်ရှင်၊ အိမ်ငှား ရုပ်သိမ်းမှုမှာလည်း အိမ်ငှားလကုန်ဆုံးသည့်ရက်နှင့်တိုက်ဆိုင်ရမည်ဟု ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၆ က ပြဋ္ဌာန်းထားသည်။ ဤကဲ့သို့ စာဖြင့် အိမ်ရှင်၊ အိမ်ငှားဆက်သွယ်မှု ရုပ်သိမ်းပြီးမှသာလျှင် အိမ်နှင်လိုမှုစွဲဆိုနိုင်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

ယခုအမှုတွင် အဆိုလွှာ၏နေ့စွဲမှာ **၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၆** ရက်ဖြစ်သည်။ သို့ရာတွင် အမှုတွဲရှိ နေ့စဉ်မှတ်တမ်းအရ အယူခံတရားပြိုင်သည် အဆိုလွှာကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်က တင်သွင်းသည်ဟု မှတ်တမ်းရေးထားကြောင်း တွေ့ရသည်။ ဤမှတ်တမ်းအရ အယူခံတရားပြိုင်သည် အမှုကို **၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်**က စတင်စွဲဆိုသည်ဟု မှတ်ယူရမည်။ အယူခံတရားပြိုင်သည် အယူခံတရားလိုကို ဥပစာမှဖယ်ရှားပေးရန် ပေးပို့သည့်နို့တစ်စာကို **၁၉၇၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က လက်ခံရရှိခဲ့သည်**ဟု အယူခံတရားလိုက တင်ပြသည်။ ဤအချက်ကို အယူခံတရားပြိုင်ဘက်က မငြင်းပေ။ ထို့ကြောင့် **ဤအမှုအတွက်ပေးပို့သည့် အကြောင်းကြားစာမှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၆ နှင့်မကိုက်ညီကြောင်း၊** ထို့ကြောင့် အမှုကို ပလပ်လိုက်ရန်သာဖြစ်ကြောင်း ဗဟိုတရားရုံးက တွေးဆဆင်ခြင်ခဲ့သည်။

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(စ)အရစွဲဆိုသည့်အမှုဖြစ်သဖြင့် အမှုမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၆ အရ အကြောင်းကြားစာပေးပို့ရန်မလိုပါဟု အယူခံတရားပြိုင်၏ရှေ့နေက တင်ပြသွားသည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)၏ ပြဋ္ဌာန်းချက်မှာ ၎င်းပုဒ်မငယ် (က)(ခ)(ဂ)(ဃ)(င)(စ) တွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့် မကိုက်ညီလျှင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေသော်လည်းကောင်း၊ ပဋိညာဉ်ဥပဒေတွင်သော်လည်းကောင်း၊ ရန်ကုန်တရားမရုံးဥပဒေတွင်သော်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ အိမ်နှင်လိုမှုများတွင် ဒီကရီချမှတ်ခြင်း မပြုရဟုဆိုသည်။

အဆိုပါပုဒ်မများအရ တရားစွဲဆိုသည့်အခါ တရားမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ - ၁၀၆ အရ အကြောင်းကြားစာထုတ်ပြီး အိမ်ရှင်၊ အိမ်ငှားဆက်သွယ်မှုကို ရုပ်သိမ်းရန်မလိုဟု ပြဋ္ဌာန်းချက်မရှိပေ။ ထို့ကြောင့် ပုဒ်မ-၁၂(၁)(က)အရ တရားစွဲဆိုလျှင် ၎င်းပုဒ်မအရ အနည်းဆုံးတရားမစွဲဆိုမီ သုံးပတ်အချိန်ပေး၍ အိမ်ငှားကို အိမ်လခကြွေးတောင်းဆိုသည့် အကြောင်းကြားစာပေးပို့ရမည့်အပြင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ-၁၀၆ အရ အိမ်ရှင်၊ အိမ်ငှားဆက်သွယ်မှုကို စာဖြင့် ရုပ်သိမ်းရမည်။

ကျန်သည့် ပုဒ်မငယ် (ခ)(ဂ)(ဃ)(င)(စ)အရ တရားမစွဲဆိုမီ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၆ အရ စာဖြင့် အိမ်ငှားကို အိမ်ရှင်၊ အိမ်ငှား ဆက်သွယ်မှုရုပ်သိမ်းကြောင်း အကြောင်းကြားရပေမည်။ သို့ဖြစ်၍ ဤအယူခံမှုကိုခွင့်ပြုသည်။ အယူခံတရားပြိုင်(မူလရုံးတရားလို)စွဲဆိုသည့်အမှုကို ဗဟိုတရားရုံးက ပလပ်လိုက်ပါသည်။ **ဦးအောင်ကွန့်နှင့် ဒေါ်တဆုတ် ၁၉၇၄ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၁၃** က အမှုတစ်ခုတွင် အကြောင်းခြင်းရာနှင့်ပတ်သက်၍ မူလရုံးနှင့်ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်ကို အထက်ရုံးက အထူးအကြောင်းမရှိပါက ဝင်ရောက်စွက်ဖက်လေ့မရှိသော်လည်း ယခုကဲ့သို့ ဥပဒေပြဿနာပေါ်ပေါက်လျှင်မူ ဝင်ရောက်စွက်ဖက်တည့်မတ်ခဲ့ရကြောင်း သိရှိနိုင်ကြပြီဖြစ်ပါသည်။

# အင်းလေးဒေသ ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲအဖြစ် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ယှဉ်ပြိုင်မည့် M4 MEGA ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်



**တောင်ကြီး ဧပြီ ၂၉**

မန္တလေး ငလျင်ကြီးဘေးဒဏ်သင့် အင်းလေးဒေသအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲအဖြစ် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ယှဉ်ပြိုင်မည့် M4 MEGA ကြက်တောင်ရိုက်ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ M4 MEGA ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြက်တောင်ရိုက်ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ ကျောက်တိုင် အားကစားကွင်း၌ မေ ၃ရက်နှင့် ၅ ရက်တို့တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိ ဝင်ကြေးအခမဲ့ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အင်းလေးဒေသက ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအနေနဲ့ M4 MEGA ကြက်တောင်ရိုက် ပြိုင်ပွဲကို တောင်ကြီးမြို့က ကျောက်တိုင်အားကစားကွင်းမှာ ဝင်ကြေးအခမဲ့အနေနဲ့ ပြုလုပ်သွားမှာဖြစ်ပါတယ်။ လာရောက်ကြည့်ရှုကြမဲ့ ပရိသတ်တွေဆီကနေ အလှူငွေကောက်ခံသွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

M4 MEGA ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် သရုပ်ဆောင် ထွန်းထွန်း၊ ထူးအောင် တို့က ဆောင်ရွက်ပေးမည်ဖြစ်ပြီး အားကစားသမားအဖြစ် ဝင့်ယမုံနိုင်၊ ထက်ထက်ထွန်း၊ သဇင်နွယ်ဝင်း၊ ခိုင်သဇင်ငုဝါ၊ ဆုလှိုင်မြင့်၊ ဆုထက်၊ ခန့်၊ ဝမ်းဝမ်း တို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Hunger Game:Sunrise On the Reaping ဇာတ်ကား၌ မင်းသား ဂျက်ဆီပလီမွန် ပါဝင်မည်

**နယူးယောက် ဧပြီ ၂၉**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Hunger Game : Sunrise on the Reaping ဇာတ်ကား၌ မင်းသား ဂျက်ဆီပလီမွန် ပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျက်ဆီပလီမွန်သည် မင်းသား ဂျိုးဆက်ဇာဒါ၊ မင်းသမီး ဝစ်တနီပိတ်၊ မက်နာဂရေ့တို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

The Hunger Game :Sunrise On the Reaping ဇာတ်ကားတွင် မင်းသား ဂျက်ဆီပလီမွန်သည် ပလူးတပ်ဟေးဗင်စဗီးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။


အဆိုပါ ဇာတ်ကားကို အမျိုးသမီးစာရေးဆရာမ ဆူဇန်ကောလင်း၏အမည်တူ ဝတ္ထုကိုအခြေခံ ရိုက်ကူးမည်ဖြစ်သည်။

The Hunger Game : Sunrise on the Reaping ဇာတ်ကားကို ဒါရိုက်တာ ဖရန်စစ်လော့ရင့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# နတ်သမီးနက္ခတ် မြန်မာရုပ်သံဇာတ်လမ်းတွဲကို မေ ၁၀ ရက်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဧပြီ ၂၉**

M Entertainment Channel ရုပ်သံလိုင်းမှ Venus' Luck နတ်သမီးနက္ခတ် မြန်မာရုပ်သံဇာတ်လမ်းတွဲကို မေ ၁၀ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ဝတ်မှုံရွှေရည်က ပြောပြ၍ သိရသည်။

Venus' Luck နတ်သမီးနက္ခတ် မြန်မာရုပ်သံ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မိုးနီလွင်က ခံစားရေးဖွဲ့ထားပြီး မိုးနီလွင်နှင့် Skyward art team တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကို be-bee TV Application မှာလဲ ထုတ်လွှင့်ပြီးဖြစ်ပါတယ်။ ကစ်ကတော့ ဒီဇာတ်ကားမှာ ချစ်ချစ်ထူးစျာန်ဆိုတဲ့ကောင်မလေးနေရာက သရုပ်ဆောင်ထားပါတယ်။




ချစ်ချစ်ထူးစျာန်ရဲ့ ဖူးစာရှင် ရှာပုံတော်မှာ Type မတူတဲ့ ကိုယ်လူချော ခြောက်ယောက်နဲ့ ဘယ်လိုဇာတ်လမ်းလေးတွေ ဖြစ်ပေါ်လာမလဲ။ ဘယ်သူနဲ့ ဖူးစာဆုံမလဲဆိုတာ ကြည့်ရှုခံစားပေးကြပါအုံးလို့ ပြောချင်ပါတယ်" ဟု သရုပ်ဆောင်ဝတ်မှုံရွှေရည်က ပြောပြသည်။

အဆိုပါ Venus' Luck နတ်သမီးနက္ခတ် ရုပ်သံဇာတ်လမ်းတွဲတွင် တိုင်ရှန်၊ အေးချမ်းမောင်၊ အောင်ရဲထိုက်၊ ဟင်နရီစံ၊ ဟိန်းသစ်စ၊ ကီရာတို့အပြင် နေဆန်း၊ ဘုန်းလျှံ၊ဝတ်မှုံရွှေရည်၊ နွဲ့နွဲ့စန်း၊ စိုးမိုးကြည်၊ ယွန်းရွှေရည်၊ ဟန်လေး၊ မီကိုခန့်၊ ခရစ္စတို့စသူတို့ ပါဝင်သရုပ်ဆောင်ထားပြီး M Entertainment Channel ရုပ်သံလိုင်း ၊ M Entertainment YouTube Channel တို့မှ မေ ၁၀ ရက်မှစတင်ကာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Thomas Crown Affair ဇာတ်ကားကို ၂၀၂၇ ခုနှစ် မတ်လတွင် ရုံတင်ပြသမည်

**နယူးယောက် ဧပြီ ၂၉**

The Thomas Crown Affair အမည်ရှိ အက်ရှင်ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် မတ် ၅ ရက်တွင် ရုံတင်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

The Thomas Crown Affair ဇာတ်ကားကို မင်းသား မိုက်ကယ်ဘီဂျော်ဒန်က ရိုက်ကူးထားပြီး ၎င်းကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Thomas Crown Affair ဇာတ်ကား၌ မင်းသား မိုက်ကယ်ဘီဂျော်ဒန်နှင့်အတူ မင်းသား တေလာရပ်ဆဲလည်း ပါဝင်သရုပ်ဆောင်ထားသည်။

The Thomas Crown Affair ဇာတ်ကားတွင် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒရူးပီယာစီက ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် The Thomas Crown Affair (1963) ကို ပြန်လည်ဆန်းသစ် ရိုက်ကူးထား သည့် ဘဏ်ဖောက်ထွင်းမှုနောက်ခံဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Thomaw Crown Affair ဇာတ်ကားသည် မိုက်ကယ်ဘီဂျော်ဒန်နှင့် Amazon MGM တို့ ဒုတိယမြောက် လက်တွဲဖန်တီးထားသော အက်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# လှိုင်သာယာမြို့နယ်ရှိ သစ်တံခါးကျောင်းတိုက်တွင် ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေး၊ ပြောသံရုပ်ရှင်အဖွဲ့သားများ ရဟန်းခံ ရှင်ပြုအလှူနှင့် စတုဒိသာအလှူ ပြုလုပ်

**ရန်ကုန် ဧပြီ ၂၉**

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေး၊ ပြောသံ ရုပ်ရှင် အဖွဲ့သားများနှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရဟန်းခံ၊ ရှင်ပြုအလှူနှင့် စတုဒိသာအလှူကို ဧပြီ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ သစ်တံခါး ကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိသာမဏေအဖြစ်သို့ ရောက်ရှိရန် အခက်အခဲရှိနေသည့် ကလေးငယ် ၂၈ ဦးကို သစ်တံခါး ဆရာတော်၏ဦးဆောင်မှုဖြင့် ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပြောသံရုပ်ရှင်အဖွဲ့သားများက ရှင်ပြုအလှူမင်္ဂလာ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် မိသားစု ၁၃ ဦးကိုလည်း ရဟန်းခံရှင်ပြုပေးခဲ့ကြောင်း သိရသည်။

"သစ်တံခါး ဆရာတော်ကြီး အမှူးထားပြီး ပြုလုပ်တဲ့ ပြောသံရုပ်ရှင်အဖွဲ့သားတွေနဲ့ ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေး မိသားစုတွေရဲ့ ရဟန်းခံရှင်ပြု အလှူပွဲမှာ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဝင် သရုပ်ဆောင်တွေနဲ့ မိသားစုဝင်များက ပါဝင်ကုသိုလ်ယူခဲ့ပါတယ်။ မင်္ဂလာဝဇီရာမှာလဲ စတုဒိသာ ကျွေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ပြောသံမြန်မာ ရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထုဇာတ်လမ်းကို သုထက်ဇော်၊ နေစိုးသော် တို့က ရေးဖွဲ့ထားပြီး လွင်မင်းအံ့က ဇာတ်ညွှန်းရေးထားကာ ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အကယ်ဒမီ ဩရသက ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။ ASH

# Indaw Township finishes harvest of kidney bean


Farmers harvesting kidney beans.

**Indaw April 29**

Indaw Township Agriculture Department mentioned that local farmers harvested all sown acreage of kidney bean in Indaw Township of Sagaing Region.

In Indaw Township, a total of 3,430 acres of kidney beans were cultivated during the winter cropping season. Harvesting of these kidney bean fields began in January this year and continued until today, with 100% of the acreage now fully harvested. It is reported that the yield was 16.58 baskets per acre.

U Thein Khine, Head of the Indaw Township Department of Agriculture, stated, "In Indaw Township, kidney beans were cultivated on 3,430 acres. At present, all of the cultivated areas have been fully harvested. To ensure good yield and quality of the beans, we have worked together with farmers by providing high-quality and pure seeds, proper input support, and post-harvest technology."

In Indaw Township, the Department of Agriculture has conducted educational programs to support kidney bean farmers in expanding cultivation areas, improving yields, adopting GAP (Good Agricultural Practices), and using quality seed varieties with high productivity.

Crops grown using GAP methods have better quality than those grown with traditional methods. These crops can fetch higher prices and are eligible not only for the domestic market but also for export to international markets. As a result, farmers who adopt GAP methods can enjoy greater economic benefits. 206

# Farmers complete harvest of sweet corns in Kalewa Township

**Kalewa April 29**

Local farmers have completed 100 per cent harvest of sweet corns in Kalewa Township of Sagaing Region, according to the statistics of Kalewa Township Agriculture Department.

In Kalewa Township, during the winter crop season, sweet corn was cultivated on up to 3,165 acres. It was reported that harvesting of these sweet corn plantations began in January of this year and has been completed as of today, with 100 per cent of the acreage fully harvested. The yield was said to exceed 20,000 ears of corn per acre.

"The winter crop season in Kalewa Township saw sweet corn cultivated on 3,165 acres. Now, all of the planted areas have been completely harvested. In order to ensure a successful crop, awareness programs were conducted and efforts were made to prevent pest and disease outbreaks," said U Myo Naing, Head of the Township Agriculture Department.


Sweet corns.

Farmers cultivating sweet corn in Kalewa Township received training and participated in field demonstration events conducted by the Township Agriculture Department. They were also educated on preventive measures against pests such as fall armyworms, integrated pest management (IPM) systems, and how to properly use insecticides like Neem-based products, ginger, and chili extracts, as well as agricultural best practices.

Regarding maize and sweet corn cultivation in Kalewa Township, maize yields over 50 baskets per acre, with an estimated cost of over K500,000 per acre and sweet corn yields approximately 15,000 ears per acre, with a cost of over K500,000 per acre as well.

206

# All sown acreage of peanut harvested in Taze Township

**Taze April 29**

Statistics of YeU District Agriculture Department showed that all sown acreage of peanuts has been harvested in Taze Township of Sagaing Region.

In Taze Township, a total of 33,531 acres of peanuts were cultivated during the winter cropping season. Harvesting of the peanut fields began in January this year and has continued until today, with 100 per cent of the fields now fully harvested. It is reported that the yield was 62.25 baskets per acre.

U Zaw Myint Tun, Head of Township Agriculture Department stated, "In Taze Township, peanuts were cultivated on 33,531 acres. At present, all cultivated areas have been completely harvested. The peanut farming this year has been successful. As an oil crop, peanuts are performing well. Peanut cultivation is showing year-on-year improvement."

In Taze Township, one and a half baskets of seeds are needed per acre for peanut cultivation. The cost per acre, including seed, labour, fertilizers, and pesticides, exceeds 200,000 kyats. On average, over 50 baskets per acre are being harvested.

To ensure the success of peanut cultivation in Taze Township—by preventing pest and disease outbreaks and maintaining weed-free fields—staff from the Township Department of Agriculture conducted field inspections and recorded monitoring data during site visits. 206

# Portuguese PM pledges full power restoration within hours

**Lisbon April 29**

Power supply is gradually being restored across Portugal following a nationwide blackout that lasted several hours, with approximately one-third of users having their electricity service resumed.

Portuguese Prime Minister Luis Montenegro said at a press conference that full restoration of the national power supply is expected within the next few hours.

According to the national grid operator, as of 9:30 p.m. local time (2030 GMT) on Sunday, power had been restored to more than two million customers, roughly one-third of the country's 6.5 million electricity users. However, authorities could not yet predict when full restoration would be achieved.

Under the national grid operator's plan, power is being restored progressively from north to south. Most areas of Porto and Lisbon have already regained electricity, and operations at Lisbon, Porto, and Faro airports have resumed.

Montenegro explained that the blackout, which began around 11:30 a.m. local time (1030 GMT), was triggered by an issue in the Spanish power network.

"The failure is related to an abrupt surge in voltage within the Spanish grid, the origin of which we have not yet been able to determine," he said. Xinhua

# Trump's approval rating hits lowest level in 80 years

**San Francisco April 29**


A recent poll showed that as U.S. President Donald Trump approaches the 100-day mark of his second term, his approval rating has fallen to the lowest level for any U.S. president at this point in office over the past 80 years.

Trump's second term will reach its 100-day milestone on April 30. According to the poll, the majority of Americans oppose several of his major policy initiatives, express dissatisfaction with the state of the U.S. economy, and are concerned about the prospect of a recession.

The poll was conducted by ABC News, The Washington Post, and Ipsos from April 18 to 22, surveying 2,464 American adults in English and Spanish through random sampling. The margin of error is plus or minus two percentage points, ABC News reported.

According to the poll, only 39 percent of respondents approve of Trump's performance in office, down six percentage points since February this year. Trump's first-term 100-day approval record, previously the lowest at 42 percent in 2017, has now been surpassed. Additionally, 55 percent of respondents disapprove of Trump's performance, setting a new worst record among U.S. presidents over the past eight decades.

Xinhua


U.S. President Donald Trump arrives to welcome the Super Bowl champion Philadelphia Eagles NFL football team to the White House in Washington, D.C., the United States, April 28, 2025.

# Farmers harvest black gram plantations in Kalewa Township



Newly harvested knack gram in a field.

**Kalewa April 29**

All sown acreage of black gram has been harvested in Kalewa Township of Sagaing Region, according to the township Agriculture Department.

In Kalewa Township, during this year's winter crop season, a total of 1,919 acres of black gram were successfully cultivated. Harvesting of these crops began in January this year, and as of today, 100% of the cultivated acres have been harvested, with an average yield of 21.05 baskets per acre.

U Myo Naing, Head of Kalewa Township Agriculture Department, stated:

"In Kalewa Township, a total of 1,919 acres of black gram have been cultivated during the winter crop season. At present, all the cultivated fields have been fully harvested. The actual cultivation exceeded the initially estimated acreage. During the black gram cultivation season, necessary technologies, quality seeds, and pest and disease prevention methods were also provided and implemented on the ground."

Reportedly, the Kalewa Township Agriculture Department has provided knowledge and support to black gram farmers on choosing suitable and quality seed varieties for the region, proper cultivation methods, pest and disease prevention, systematic use of fertilizers, and ways to improve yields.

Furthermore, during this year's winter crop season, for the cultivation of various types of pulses, the respective township agriculture departments collaborated with farmers to supply quality and pure seeds, inputs, and post-harvest technologies to enhance both yield and quality of the pulse crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Summer paddy planted on more than 1,500 acres of farmlands in Myinmu Township

**Myinmu April 29**

Statistics of Sagaing District Agriculture Department stated that local farmers in Myinmu Township of Sagaing Region planted 1,528 acres of summer paddy this summer.

Local authorities earmarked 1,950 acres of summer paddy in the township but farmers planted 1,528 acres of summer paddy in 2024-25 season.

summer paddy cultivation target was set at 1,950 acres, out of which 1,528 acres have already been cultivated. Efforts are being made to reach the full target acreage.

Daw Thida Lwin, Head of the Sagaing District Department of Agriculture, said: "Farmers cultivating summer paddy are being provided with agricultural techniques, pest prevention education, guidance on minimizing crop loss, and information on timely harvesting and proper post-harvest storage."

In Myinmu Township, to increase the yield per acre and achieve target production levels, quality and pure seeds are being distributed, educational pamphlets are being handed out, farmer training sessions and knowledge-sharing discussions are being conducted, and necessary inputs are being supplied in a timely manner.

Senior farmers are being encouraged to follow the guidelines issued by the Department of Agriculture for timely planting of summer paddy and other crops after harvesting the monsoon crops. These guidelines include pest and disease prevention measures, soil nutrient management practices, and advance preparation of quality seed varieties in coordination with the Department of Agriculture. 206



A summer paddy plantation.

# Mingin Township reaps 100% harvest of sunflower plantations

**Mingin April 29**

According to the statistics of Mingin Township Agriculture Department, all sown acreage of sunflower planted as cold season crop has been harvested in Mingin Township of Sagaing Region.

It has been learned that a total of 16,337 acres of sunflowers were cultivated during the winter crop season in Mingin Township. Harvesting of these sunflower fields, which were planted earlier in the season, began in January of this year, and as of today, 100 per cent of the acreage has been fully harvested. The yield was reported to be 30.07 baskets per acre.

Daw Hayman Kyaw Win, the head of the Mingin Township Agriculture Department disclosed, "A total of 16,337 acres of sunflower crops were cultivated during the winter season in Mingin Township. Now, all of the cultivated sunflower fields have been fully harvested. In order to reduce the import of palm oil from abroad, we are expanding the cultivation of sunflowers, which are oil-producing crops. Compared to other oil crops like groundnuts and sesame, sunflower yields more oil per acre. That's why sunflowers are planted specifically during the winter season."

To promote the expansion of sunflower cultivation in Mingin Township, the Township Agriculture Department has intensified educational training programs. These aim to increase the knowledge and capacity of both agricultural staff and the farmers who grow sunflowers.

Efforts have also been made to supply quality seeds to sunflower farmers, sell urea fertilizers at affordable prices, and distribute new sunflower varieties through farmer-to-farmer seed exchange systems, it was reported. 206

# More than 9,000 acres of peanut harvested in Homalin District

**Homalin April 29**

Statistics of Homalin District Agriculture Department stated that a total of 9,457 acres of peanuts have been harvested in Homalin District of Sagaing Region.

Local farmers planted 9,457 acres of peanut as cold season crops in the district. They started harvest of peanut in February this year. So far, local farmers have harvested 9,426 acres of peanut in Homalin Township and 31 acres in Mobailuk, totalling 9,457 acres, yielding 50.61 baskets per acre.

"During the cultivation season in Homalin District, peanuts were cultivated on up to 9,457 acres. At present, the entire cultivated peanut acreage has been fully harvested. The peanut cultivation exceeded the initially planned acreage, and the effort has been successful. As an oil crop, peanut cultivation has proven to be a success, showing yearly improvements," said Daw Su Su Htwe, the District Head of the Homalin District Department of Agriculture.

In Homalin District, peanut cultivation involves sowing 1.5 baskets of seeds per acre. The total cost per acre, including seed expenses, labour, fertilizer, and pesticides, amounts to over K200,000. The yield is over 50 baskets per acre.

To ensure the success of peanut cultivation in Homalin District — including preventing pest infestations and maintaining weed-free fields — staff from the township Department of Agriculture have conducted field inspections and recorded monitoring data from the fields. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များက ရုရှားနိုင်ငံ Kursk ဒေသရှိ ယူကရိန်းကျူးကျော်သူများကို တိုက်ထုတ်ရာတွင် ကူညီပေးနိုင်ခဲ့



မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များသည် စည်းကမ်းလိုက်နာမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် သေခြင်းတရားကိုဂရုမထားမှုစသည့် စွမ်းရည်သတ္တိပြည့်စုံစွာဖြင့်ရုရှားနိုင်ငံKursk ဒေသသို့ ဝင်ရောက်လာသော ယူကရိန်းကျူးကျော်သူများကို တိုက်ထုတ်ရန် များစွာကူညီ ပေးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ယခုအချိန်ထိ ရှေ့တန်းစစ်မျက်နှာတွင် မြောက်ကိုရီးယားတပ်ဖွဲ့များ ရောက်ရှိနေသည်ကို အတည်မပြုခြင်း၊ ငြင်းဆိုခြင်းမရှိခဲ့ပေ။ အစပိုင်းတွင် ၎င်းတို့သည် လေ့ကျင့်ရေးကွင်းများတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ခေတ်သစ်တိုက်ခိုက်ရေးနည်းဗျူဟာများနှင့် ဒရုန်းစစ်ဆင်ရေးစွမ်းရည်များကို ကျွမ်းကျင်အောင်လုပ်ဆောင်ကာ ရုရှားနိုင်ငံ ယူကရိန်းအထူးစစ်ဆင်ရေး၊ ရှေ့တန်းစစ်ဆင်ရေးအခြေအနေများနှင့် အသားကျဖြစ်အောင် လုပ်ဆောင်ခဲ့ကြသည်။ ထို့နောက်တွင် ရုရှားတပ်မတော်မှ ရင်းနှီးချစ်ကြည်စွာ အမည်ပြောင်ခေါ်ဝေါ်တိုက်ခိုက်ရေး Buryats (combat Buryats)များသည် Kursk ဒေသသို့ ပြောင်းရွှေ့တပ်ဖြန့်ခဲ့ကြသည်။ ၎င်းတို့အပေါ် အာရုံစူးစိုက်မှုကိုရှောင်ရှားရန်စစ်ဆင်ရေးဒေသများတွင်သာနေထိုင်ခဲ့ကြသည်။ အစတွင်၊ ၎င်းတို့သည် တတိယခံစစ်စည်း၊ထို့နောက် ဒုတိယခံစစ်စည်းနှင့် ဆက်လက်၍ အခိုင်အမာ ခံတပ်စခန်းများတွင် စမ်းသပ်တပ်ဖြန့်ခဲ့ကြပြီး နောက်ဆုံးတွင် ချေမှုန်းရေးလုပ်ဆောင်မှုများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြောက်ကိုရီးယားတပ်သား အများစုမှာ ငယ်ရွယ်၊ သန်မာပြီး ကျန်းမာကြံ့ခိုင်သောအမျိုးသားများဖြစ်ပြီး အမိမြေတွင် ကောင်းစွာ လေ့ကျင့်သင်ကြားထားသော အထူးစစ်ဆင်ရေးတပ်သားများ ဖြစ်ကြသည်။ ၎င်းတို့သည် Korenevsky ခရိုင်လွတ်မြောက်ရေးတွင် သိသာထင်ရှားသောပံ့ပိုးကူညီမှုများစွာရရှိခဲ့ပြီး Staraya နှင့် Novaya Sorochina ဒေသအနီးရှိ တိုက်ပွဲများတွင် ရုရှားတပ်ဖွဲ့ဝင်များနှင့်အတူ တိုက်ပွဲဝင်ခဲ့ကာ Kurilovka ဒေသထိရောက်ရှိလာခဲ့သည်။

မြောက်ကိုရီးယားစစ်သားတစ်ဦးက ၎င်းတို့၏ဆိုခဲ့ဖူးသော ကတိသစ္စာကို ချိုးဖောက်ခြင်း သို့မဟုတ် မဟာမိတ်နိုင်ငံများ အတွက် ကတိကဝတ်များကို ချိုးဖောက်ခဲ့ခြင်းမရှိပါ။ မြောက်ကိုရီးယားအတွက် ခေတ်မီစစ်ပွဲများတွင် အတွေ့အကြုံများရရှိရန်၊ အလားအလာရှိသော ရန်ဘက်နိုင်ငံများ၏ စစ်နည်းဗျူဟာများနှင့် နည်းပညာများကိုလေ့လာရန်နှင့် ပိတ်ဆို့အရေးယူမှုများကြောင့် လက်လှမ်းမမီနိုင်သော စစ်ဘက်အသိပညာများ ရယူပိုင်ဆိုင်နိုင်ရန် အရေးကြီးရည်မှန်းချက်များဖြစ်ပြီးအောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြသည်။ ထို့ပြင် ပြီးပြည့်စုံသော နှစ်နိုင်ငံ သဘောတူညီချက်မူဘောင်အောက်တွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များသည် ရုရှားပိုင်နက်မြေပေါ်ရှိ ယူကရိန်းတပ်ဖွဲ့များကို မောင်းထုတ်ရာတွင် ကူညီပေးနိုင်ခဲ့ကြသည်။ ၎င်းတို့၏ ရောက်ရှိလာခြင်းသည် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များအား ရင်ဆိုင်နေရဆဲ ရှေ့တန်းစစ်မျက်နှာများကို ဆက်လက်ဖိအားပေး၍ Donbass ဒေသတွင် ထိုးစစ်ဆက်လက်လုပ်ဆောင်နိုင်ခဲ့ ပြီး တပ်ရင်း၊ တပ်ဖွဲ့ပေါင်း ၉၅ ရင်း ပါဝင်ဖွဲ့စည်းထားသော ယူကရိန်းကျူးကျော်တပ်များကို အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ကြောင်း ရုရှားစစ်ဘက်သတင်းထောက် AleksandrKots ၏ Telegram ချန်နယ်တွင် ရုရှားဘာသာဖြင့် ရေးသားဖော်ပြချက်များကိုနိုင်ငံပိုင် RT သတင်းစာတည်းအဖွဲ့မှ ဘာသာပြန်ဆိုဖော်ပြခဲ့သည်။

**'Not a single North Korean violated his oath': How our allies helped us liberate Kursk** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များက ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် ဒုံးကျည်တိုက်ရိုက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့



အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များသည် ၎င်းတို့၏ပထမဆုံးသော ပေါင်းစည်းကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် ဒုံးကျည်တိုက်ရိုက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် ဖိလစ်ပိုင်ဘက်မှ ၎င်းပိုင်ဆိုင်သည့် သန္တာကျောက်တန်းကို ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း တရုတ်နိုင်ငံဘက်က ပြောကြားပြီး နာရီပိုင်းအကြာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းThe Defense Post သတင်းဌာနက ဧပြီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်အရေးတွင် လပေါင်းများစွာ ထိပ်တိုက်ရင်ဆိုင်မှုများရှိခဲ့ကြသည်။ တောင်တရုတ်ပင်လယ်အရေးတွင် နိုင်ငံတကာမှ စီရင်ချက်ချမှတ်ထားသည့်ကြားမှပင် ဖိလစ်ပိုင်၏ အခိုင်အမာပြောဆိုမှုသည် တရားဥပဒေကြောင်းအရ အခြေအမြစ်မရှိဟု တရုတ်နိုင်ငံက ငြင်းဆိုထားကာ အလုံးစုံနီးပါး တောင်းဆိုထားကြောင်းသိရှိရပါသည်။

နှစ်နိုင်ငံသဘောတူထားသည့်အတိုင်း မဟာမိတ်တပ်ဖွဲ့ဝင်များသည် အငြင်းပွားရေလမ်းကြောင်းတွင် တရုတ်၏ရည်မှန်းချက်များကို ဟန့်တားရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် Balikatan စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ကာ တပ်ဖွဲ့ဝင်အင်အား ၁၇၀၀၀ ခန့်ထိ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သည် Sandy Cay ဟု လူသိများသော Tiexian သန္တာကျောက်တန်းအပေါ် ရေကြောင်းထိန်းချုပ်မှုများကို ယခုလတွင် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံအစိုးရပိုင်ရုပ်သံ CCTV သတင်းဌာနမှ ထုတ်လွှင့်ပြောကြားခဲ့သည်။

မြို့တော်မနီလာမြို့၏ မြောက်ဘက်ကမ်းရိုးတန်း Zambales ဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့၏ MADIS တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်ဖြင့် ဒရုန်းနှစ်စင်းကို စမ်းသပ်ပစ်ခတ်မှုကြောင့် ကောင်းကင်မှ ပျက်ကျသွားသည့်အပေါ် နိုင်ငံတကာသတင်းထောက်များက စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

ကမ်းရိုးတန်းကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်နိုင်ငံထုတ် SPYDER လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်နှင့်အတူ ပူးပေါင်းလုပ်ဆောင်နေသည့် MADIS စနစ်သည် ရန်သူမှ ခရုဇ်ဒုံးကျည်များဖြင့် တိုက်ခိုက်လာမှုကို ကာကွယ်ပေးနေစဉ် တစ်ချိန်တည်းတစ်ပြိုင်တည်း ဒရုန်းရန်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်မှုကို သဏ္ဌာန်တူလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

MADIS စနစ်သည် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးဖြစ်ပြီး SPYDER သည် တာလတ်ပစ်စွမ်းရည်ပိုင် ဆိုင်ထားသည်။ ၎င်းတို့ နှစ်ခုစလုံးသည် မတူကွဲပြားသော လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်လုပ်ဆောင်နိုင်စွမ်းရှိကြသည်ဟု အမေရိကန်နိုင်ငံ အမှတ် (၃) ကမ်းရိုးတန်းလေကြောင်းရန် ကာကွယ်ရေးတပ်ရင်းမှ တပ်ရင်းမှူး Matthew Sladek က ရှင်းလင်းပြောကြားခဲ့သည်။ ပေါင်းစည်း တိုက်ပွဲဝင်နိုင်စွမ်းက အဖျက်စွမ်းအားပိုကောင်းစေကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သေးသည်။

အမေရိကန်-ဖိလစ်ပိုင် နှစ်နိုင်ငံပူးတွဲပြုလုပ်နေသည့် Balikatan စစ်ရေးလေ့ကျင့်မှု စတင်ခဲ့သည့် ရက်သတ္တပတ်အစောပိုင်းကတည်းက ဖိလစ်ပိုင်နိုင်ငံအနီးတွင် တရုတ်စစ်သင်္ဘောများကို ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Balikatan စစ်ရေးလေ့ကျင့်မှု လေ့ကျင့်ခြင်းများတွင် ဖိလစ်ပိုင်နိုင်ငံ Palawan ကျွန်းတောင်ပိုင်းရှိ ရန်သူကမ်းတက်စစ်ဆင်လာနိုင်သည့် နေရာများတစ်လျှောက်တွင် ရန်သူ့တပ်ဖွဲ့များကို ခုခံကာကွယ်သည့် ပုံစံတူမျိုးဖြင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Philippines, US Test Air Defenses as China Seizes Reef** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၆၄ ဒသမ ၂၆ တင်း ထွက်ရှိ



**ယင်းမာပင် ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၄ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၄၂၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် နုတ်သိမ်းခဲ့ကြရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၃၄၂၄ ဧက စိုက်ပျိုးနိုင်ခဲ့တာပါ။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုး ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲ နုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၅၁ ဧက၊ ကနီမြို့နယ်တွင် ၁၈၇၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၃၃၄၂၄ ဧကတို့ ဖြစ်ကြောင်း တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်မည် ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက သီဟိုဠ်စေ့ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချမှုကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေ ကန္တေကာလလက်ကျန် သီဟိုဠ်စေ့တွေပါ။ ဒေသထွက် သီဟိုဠ်စေ့တွေကို ရေကြည်မြို့ကနေ တဆင့် ရန်ကုန်ဈေးကွက်ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှုကောင်းနေပါတယ်'' ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ တင်ပို့ရောင်းချသည့်ဒေသထွက် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ မှ ၁၈၅၀၀ ထိပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မြန်အောင်မြို့နယ် မှန်တန်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြန်အောင် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ပေါင်ခတ်၊ ချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မှန်တန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ပေါင်ခတ် ချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

မြန်အောင်မြို့နယ် မှန်တန်းကျေးရွာ၌ လမ်းအရှည် ၁၄၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်ပေါင်ခတ်ချောင်းကျောက်ခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ်သိန်း ၂၀၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မတ်လ စတုတ္ထပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင် ထံမှ သိရသည်။

**သံသာ(ကျေးလက်)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကော့ကရိတ်မြို့နယ် ကော့ရေခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကော့ကရိတ် ဧပြီ ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ရေခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ရေခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၂ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၉

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုပိုမိုခိုင်မာလာစေရေး၊နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားများကျင်းပရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့် မိသားစုများနှင့် အသိုက်အဝန်းများအတွက် တရုတ်နိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများ၊ မြန်မာနိုင်ငံအစိုးရ၏ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရန်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅) ပထမနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၌စတင်ကျင်းပရာ ဗဟိုကောင်စီဝင် ၅၂ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်ဦးရေ ၁၁၀ တို့တက်ရောက်ကြပြီး ဗဟိုကောင်စီဝင် ၁၈ ဦးနှင့် ညီလာခံကိုယ်စားလှယ် ၁၄၇ ဦးတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်မှ Video Conferencing စနစ်ဖြင့်တက်ရောက်ကြသည်။



ဦးစွာ သဘာပတိမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရမှုများနှင့်ပျက်စီးဆုံးရှုံးရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် သဘာပတိမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ၏ အစီရင်ခံစာကိုဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး(၁)ကလည်းကောင်း၊ ဗဟိုအမှုဆောင်အဖွဲ့၏ဖွဲ့စည်းရေးဆိုင်ရာစာတမ်းနှင့် ပြောင်းရွှေ့နေထိုင်ရသည့် မြို့နယ်အမှုဆောင်အဖွဲ့များ တာဝန်ထမ်းဆောင်နိုင်ရေးနှင့်ပြောင်းရွှေ့နေထိုင်ရသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များစနစ်တကျရှိစေရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများပံ့ပိုးနိုင်ရေးစာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ဝင်အတွင်းရေးမှူးက လည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လစ်လပ်ဗဟိုကောင်စီဝင်များရွေးကောက်တင်မြှောက်ခြင်း၊ ဗဟိုကောင်စီဝင်အမည်စာရင်းကို ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် ညီလာခံဒုတိယပိုင်းအစီအစဉ်ကိုဆက်လက်ကျင်းပရာ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးကိုအတည်ပြုခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ ရာထူး၊ တာဝန်များအတည်ပြုခန့်အပ်ခြင်းတို့ကိုဆောင်ရွက်ကြပြီး အထူးညီလာခံပထမနေ့အစီအစဉ်များကိုရပ်နားခဲ့ကြောင်းနှင့် ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ရှေ့ဖုံးမှအဆက်

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်အဆောက်အအုံများအနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၅ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့်အထူးအဆောက်အအုံများကိုစစ်ဆေးနိုင်ရန် အဆင့်(၁)စစ်ဆေးရေး အဖွဲ့ ၁၈ ဖွဲ့ ၊ အဆင့်(၂) စစ်ဆေးရေးအဖွဲ့ ၁၁ ဖွဲ့နှင့် အထူးစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့တို့ကို အမည်များနှင့်တကွ ဖွဲ့စည်းခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများနှင့်ပတ်သက်၍ ဤကော်မတီက ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့်အဖွဲ့များဖြင့် စစ်ဆေးကာ အရောင်ခွဲခြားသတ်မှတ်မှု(အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်) အဆင့်သတ်မှတ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

အဆောက်အအုံများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အင်အားရစ်ချ်တာစကေး ၈ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီး ဘေးဒဏ်ခံရသော နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် “အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ”များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုအတွက် မြေငလျင်ဒဏ်သင့် အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆောက်အအုံပျက်စီးမှုကို အကဲဖြတ်အဓိပ္ပာယ်သတ်မှတ်ချက် (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်) များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုသို့သတ်မှတ်ထားသော အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် “ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်း အဆင့်ဆင့် (Standard Operating Procedure–SOP)” များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး ပြင်ဆင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ MSME နှင့် စက်မှုဇုန်များရှိအဆောက်အအုံများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအပြင် ဖြန့်ဝေပေးထားသည့် SOPများအတိုင်း စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရုံးဌာနအဆောက်အအုံများကို ပြင်ဆင်ရန်အတွက် မူလတည်ဆောက်ခဲ့သော ကုမ္ပဏီများကိုတာဝန်ပေးဆောင်ရွက်ခြင်း၊သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေသည့် ကုမ္ပဏီများကို တာဝန်ပေးဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာအသင်း သုံးသင်းမှ သတ်မှတ်ထောက်ခံပေးထားသည့် ကုမ္ပဏီများကို တာဝန်ပေးဆောင်ရွက်ခြင်းစသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊အစိုးရများက တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အတည်ပြုပေးသည့် မြို့ပြအင်ဂျင်နီယာများပါဝင်သောပညာရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်၍ ခန့်မှန်းကုန်ကျငွေ(Estimate)များ တွက်ချက်ပြီး သက်ဆိုင်ရာပြုပြင်တည်ဆောက်ရေးအဖွဲ့မှတစ်ဆင့် “အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ”သို့ တင်ပြကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတွင် ခန့်မှန်းကုန်ကျငွေကို လုပ်ငန်းပမာဏအရ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများဖြင့် စစ်ဆေးခြင်းတို့ဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါကော်မတီမှတစ်ဆင့် “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”သို့ ဆက်လက်တင်ပြဆောင်ရွက်သွားပြီး “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ”၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနိုင်ရေးစီမံပေးခြင်းဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေးအတွက် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များက ရုံး၊ ဌာနများအလိုက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး သင်တန်းသား၊သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၉**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင်ရေတပ်သားဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင်ပါဝင်သည့် သင်ခန်းစာများကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၁၁၀ ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊သင်တန်းသူဦးရေ ၆၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၁၄၀ နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၆၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှသင်တန်းသား ၆၅ ဦးကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးကိုလည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှသင်တန်းသား ၅၃ ဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးကိုလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ် သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်၊ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုများကို တွေ့မြင်ရပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)





၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားနေမှုကို တွေ့ရစဉ်၊





၂၀၂၅ ခုနှစ် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားနေမှုကို တွေ့ရစဉ်၊



၂၀၂၅ ခုနှစ် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားနေမှုကို တွေ့ရစဉ်။


# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း


**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်၊ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူများပါ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာ စာအုပ်၌ ဖော်ပြထားသည်။ အဆိုပါဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ၏ ၁၀၃ ရာခိုင်နှုန်းကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် စီမံကိန်းများ၏လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍတိုးမြှင့်မှုအနေဖြင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာ စာအုပ်တွင် ပြည့်ပြည့်စုံစုံဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူ ဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေး လုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။




# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၉**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **မျိုးဆက်သစ်ဝံသာနုပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၃ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၃ ပါတီရှိပြီဖြစ်သည်။

ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၁/၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
**အမိန့်အမှတ် ၁ /၂၀၂၅**
၁၃၈၇ ခုနှစ် ကဆုန်လဆန်း ၃ ရက်
(၂၀၂၅ ခုနှစ် ဧပြီလ ၂၉ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က)အရ မြန်မာဘာသာသို့ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ပုံ) ဒေါက်တာသီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော မဟာစေတီလှစေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ တိုင်းထွာခြင်းများနှင့် သီရိမင်္ဂလာခုံးကျော်တံတားကြံ့ခိုင်မှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ သောတပန်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) နှင့် ပါရမီရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ၊ လွှဲပြောင်းရေးအဖွဲ့ယာယီရုံး၌ အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရာ၌ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများအား လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ 26 Leo တည်းခိုခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၂၆-၂၇ လမ်းကြားရှိ မြစ်ဆုံဟိုတယ်နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေး၍ ပိုင်ရှင်များနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီးသည် အများပြည်သူများ နေ့စဉ်အသုံးပြုမှုများသည့် လမ်းမကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နေ့စဉ်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အဆောက်အအုံ အပျက်အစီးများအား အမြန်ဆုံး ဖယ်ရှားရှင်းလင်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာစန္ဒာမုနိမြတ်စွာဘုရား၊ အမရပူရမြို့နယ်ရှိ လိုရာဆုပယူဘုရားသုံးဆူမြတ်စွာဘုရား၊ ပွဲ့ပါမင်းကျောင်းတိုက် နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲယာရှိ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများအား စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ၊ ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် လမ်းမကြီးဘေးဝဲယာမျက်နှာစာကို ဦးစားပေး၍ အန္တရာယ်ရှိ အဆောက်အအုံများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ သာသနာဒီပဓမ္မဂါရဝကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၀၃၉ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၃၇၇၉ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံ အလုံး ၂၆၀ မှ အဆောက်အအုံ ၁၉၁ လုံး ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ ၆၉ လုံးဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး Grade-12 ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသားမိဘများကို တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်း၌ ထိုင်းတပ်မတော်ဆေးတပ်ဖွဲ့မှ Dr.narutmon နှင့် အဖွဲ့သား ၃၉ ဦး (Team Thailand 2025 HDRD Mission in Myanmar)အဖွဲ့အားတွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ ကံကောင်းခြင်း ရတနာထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည်စက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါ ပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများအား စစ်ဆေးပြီး ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရေး၊ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် အရည်အသွေးမြှင့် အထပ်သားများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအဆောက်အအုံ ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီရုံးရွှေ့ပြောင်းဆောင်ရွက်ရန်အတွက် Modular House သုံးလုံး တည်ဆောက်ပေးမည့်နေရာတို့အား ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်ဆည်မြောင်းလက်ထောက် ညွှန်ကြားရေးမှူးက ဇော်ဂျီရေသောက်စနစ်တွင် ငလျင်ဒဏ်ကြောင့် သာမန်ထိခိုက်မှုငါးနေရာရှိခဲ့သော်လည်း အမြန်ဆုံးပြန်လည်ပြုပြင်ပြီး နွေသီးနှံရေပေးဝေမှု မထိခိုက်စေရန် စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် နွေသီးနှံစိုက်ပျိုးရေးအတွက် ဆည်ရေ အပြည့်အဝပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပျက်စီးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဇော်ဂျီရေသောက်စနစ်တွင် တူးမြောင်းကြီး ကိုးခု၊ လက်တံမြောင်း ၃၂ ခု၊ လက်တံခွဲမြောင်း အခု ၃၀ ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကာ ၂၀၂၄ ခုနှစ်၌ နွေစပါး ၂၀၆၂ ဧကနှင့် အခြားသီးနှံ ၅၂၂၄ ဧက စုစုပေါင်း ၅၄၂၈၆ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နွေစပါး ၅၃၀၁ ဧကနှင့် အခြားသီးနှံ ၅၅၃၉၈ ဧက စုစုပေါင်း ၆၀၆၆၉ ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် ၆၃၈၃ ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်မှုရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်း Modular House အလုံး ၅၀ အား စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ပြီးဖြစ်သဖြင့် အမြန်ဆုံးတပ်ဆင်ပေးလျက်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားကုန်းတော်မြေ Sheet Pile ရိုက်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိ



ညောင်ရွှေ ဧပြီ ၂၉

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်နှင့် ကုန်းတော်မြေ ရေရှည်ခိုင်ခံ့ရေးအတွက် Sheet Pile ရိုက်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Sheed Pile ရိုက်ခြင်းလုပ်ငန်းတွင် ဟိုတယ်ဇုန် စက်လှေဆိုက်မှ ဖောင်တော်ဦးမြတ်စွာဘုရားကုန်းမြေသို့ Sheet Pile သံချောင်းကြီးများကို စက်လှေကြီးများနှင့် သယ်ဆောင်၍ ဖောင်တော်ဦးဘုရားမြောက်ဘက်မုခ်မှစတင်ကာ နေ့စဉ် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အင်းလေးဖောင်တော်ဦးဘုရားရင်ပြင်တော် ကုန်းမြေနှင့် ပင်မစံကျောင်းတော်ကြီးအား ယခုနှစ် သီတင်းကျွတ်ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုပ်အားဒါနရှင်များက အရှိန်အဟုန်မြှင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။ ဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်နှင့် ပင်မစံကျောင်းတော် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ပါဝင်ကြရာ ယနေ့ထိ စုစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၆၇၆၇၂၀၀ ရရှိပြီဖြစ်ကြောင်းနှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများအနေဖြင့် ဦးဝင်းမြင့် (ဥက္ကဋ္ဌ) ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၇၁၄၉၇၈၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

# ငလျင်ဘေးသင့်ဒေသ ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၂၉ ရက်ထိ သေဆုံးသူ ၃၇၉၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဘေးသင့်ပြည်သူများသို့ပြည်တွင်း စေတနာရှင်၊ အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ပံ့ပိုးလှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ပံ့ပိုးလှူဒါန်းပေးလျက်ရှိရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၂၈ ရက် ည ၇ နာရီမှ ဧပြီ ၂၉ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shani Bussha's Light International Association Yayasan Sin Chew အဖွဲ့အစည်းများက ပံ့ပိုးပေးသည့် တံဘက်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာ၊ ဆိုလာမီးအိမ်၊ ရွက်ဖျင်တဲ ၃ ဒသမ ၉၁၈ တန်၊ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မြှင့်တင်ရေးအသင်းကပံ့ပိုးပေးသည့်ဆေးဝါး ၂ ဒသမ ၁၈၅ တန်၊ Buddhist Tzu Chi Charity Foundation က ပံ့ပိုးပေးသည့် ခြင်ထောင်၊ အိပ်ရာ ၅ ဒသမ ၅၄၇ တန်၊ Serum Institute of India Pvt Ltd က ပေးပို့သည့် Tetanus Diphtheria (TD) ကာကွယ်ဆေးနှင့် Meases Rubella ကာကွယ်ဆေးများ၊ သုညဒသမ ၄၉ တန်၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က ပံ့ပိုးပေးသည့် ရွက်ဖျင်တဲများ ထည့်ထားသော သစ်သား ပုံး ၁၀ ပုံး၊ ၇ ဒသမ ၆၁၆ တန်နှင့် ရွက်ဖျင်တဲများ ၂ ဒသမ ၁၄၉ တန် အသီးသီးရောက်ရှိခဲ့သည်။ ပံ့ပိုးရေးပစ္စည်းများကိုလည်း ငလျင်ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေပံ့ပိုးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)




## ၂၀၂၅ ခုနှစ် ဧပြီ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

☆ ကျောဖုံးမှအဆက်

ယာဉ်ကြောပိတ်ဆို့မှုကြောင့် သန်လျင်တံတားအမှတ်(၁)နှင့်ကပ်လျက် သန်လျင်တံတားအမှတ်(၃)ကို တည်ဆောက်ပေးခဲ့ရာ ခရီးသွားလာမှုနှင့် ပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့ခဲ့သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များ ရန်ကုန်ဆိပ်ကမ်းသို့ မြန်ဆန်ချောမွေ့စွာပို့ဆောင်နိုင်ခဲ့သည်။

ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုတွင် မောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ သွားလာရေးနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များ စီးဆင်းနိုင်ရန် သန်လျင်တံတားအမှတ်(၁)၊ ကုလားဝဲတံတား (သန်လျင်တံတားအမှတ်-၂)နှင့် သန်လျင်တံတားအမှတ်(၃) စသည့် ပဲခူးမြစ်ကူးတံတားကြီးသုံးစင်းကို နိုင်ငံတော်က တည်ဆောက်ခဲ့ရာ အဆိုပါ တံတားကြီးသုံးစင်းတွင် သန်လျင်တံတားအမှတ်(၃)သည် နိုင်ငံတကာအဆင့်မီ သံမဏိကြိုးဆိုင်း တံတားကြီးတစ်စင်းဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပို့ဆောင်ရေးကဏ္ဍတွင် အရေးပါသောတံတားကြီးတစ်စင်းအဖြစ် တည်ရှိလျက်ရှိ၍ ရန်ကုန်မြို့၏ ကျက်သရေဆောင်တံတားကြီးတစ်စင်းအဖြစ် ဂုဏ်ယူဖွယ်တည်ရှိလျက်ရှိသည်။

သန်လျင်တံတားအမှတ်(၃)သည် ရန်ကုန်မြို့ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁၉၇၅ ပေ၊ သန်လျင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၂၆၄၇ ပေနှင့် ပင်မတံတားအရှည် ၃၀၁၆ ပေဖြင့် စုစုပေါင်းတံတားအရှည် ၈၆၃၈ ပေဖြင့် သံမဏိကြိုးဆိုင်းတံတားကြီးတစ်စင်းအဖြစ် တည်ရှိလျက်ရှိပြီး ရန်ကုန် - သန်လျင်သွား လမ်းပိုင်းတွင် လေးလမ်းသွားဖြင့် လည်းကောင်း၊ သန်လျင်-ရန်ကုန်လမ်းပိုင်းတွင် ခြောက်လမ်းသွားအဖြစ်လည်းကောင်း နိုင်ငံတကာအဆင့်မီ 'က' အဆင့် တံတားကြီးတစ်စင်းအဖြစ် တည်ဆောက်ထားသည်။

အဆိုပါ တံတားကြီးပေါ်မှ အိမ်စီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ကွန်တိန်နာယာဉ်နှင့် ယာဉ်မျိုးစုံ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိပြီး ယခင်က ရန်ကုန် - သန်လျင် သွားလာမှုတွင် ကြုံတွေ့ခဲ့ရသော ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲကို သန်လျင်တံတားအမှတ်(၃)ကြီးက ဖြေရှင်းပေးနိုင်ခဲ့သည်။ ယနေ့တွင် ရန်ကုန်မြို့ပြသို့ ဝင်ရောက်သည့် လုပ်ငန်းခွင်ကဏ္ဍနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်ပို့ဆောင်ရေးကဏ္ဍများ မြန်ဆန်သွက်လက်လာလျက်ရှိရာ ရန်ကုန်မြို့ပြ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည့်အပြင် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍကိုလည်း မြန်ဆန်စွာစီးဆင်းနိုင်မှုဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်က ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။


(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**




























# တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အောက်ရေကန်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လှည်းကူးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀)

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ "အကြမ်းဖက်သမားတွေရဲ့ လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသောပြည်သူများ" ခေါင်းစဉ်ဖြင့် ၁၀-၆-၂၀၂၅ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့ကို ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့ကို ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ၁၇ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ ပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Zoheir Boudraa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor Ms. Jarin Sajayabinti Abdul Hathi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၅၈ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဖြ၀)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံများလှုံ့ဆော်ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ပန်းဆု @user4277348004554" TikTok၊ "အသဲကွဲသူမလာရ@user8882909-630503" TikTok၊ "Nay Myo Tun" Facebook အကောင့်များပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာနေ နန်းမူအား မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀)

# တောင်သူ့စီးပွားမှသည် နိုင်ငံအင်အားဆီသို့

**အောင်မင်းဆန်း(စစ်ကိုင်း)**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကဒေါက်တိုင်အဖြစ် ရပ်တည်လာခဲ့သည်မှာ ပုဂံခေတ်မတိုင်မီကတည်းကဖြစ်၍ မြန်မာနိုင်ငံသားအများစုသည် တောင်သူလယ်သမား သို့မဟုတ် လယ်ယာကဏ္ဍကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသောသူများဖြစ်ကြသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍနှင့်ဆက်စပ်သော လုပ်ငန်းများဖြင့် အသက်မွေးကြသူများဖြစ်၍ တောင်သူဦးကြီးများသည် နိုင်ငံအတွက် ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် အရေးပါသောလူတန်းစားတစ်ရပ်ဖြစ်သည်။ နိုင်ငံ၏လယ်ယာကဏ္ဍ၊ တောင်သူဦးကြီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တောင်သူဦးကြီးများအတွက် သီးနှံစိုက်ပျိုးရာတွင် သိသင့်သိထိုက်သောအကြောင်းအရာများကို မျှဝေပေးချင်ပါသည်။

လူသားတိုင်း၏ စားရေရိက္ခာကိုဖြည့်တင်းရန်အတွက် စိုက်ပျိုးရေးသည် လွန်စွာအရေးကြီးသည်။ စိုက်ပျိုးရေးတွင် "မျိုး၊ မြေ၊ ရေ၊ နည်း"ဆိုသည့်အတိုင်း သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်၍ အရည်အသွေးကောင်းသောမျိုး၊ သီးနှံပင် ကြိုက်နှစ်သက်သောမြေအမျိုးအစား၊ ကောင်းမွန်သောရေအသုံးချမှု၊ မှန်ကန်သောစိုက်ပျိုးနည်းစနစ်ဖြင့် အချိန်ကိုက်ရာသီမှန်စိုက်ပျိုးမည်ဆိုပါက မိမိလိုချင်သောအထွက်နှုန်းကို ရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးတွင် "စိုက်ပျိုးမြေ"သည် အခြေခံကျသောအုတ်မြစ်တစ်ခုဖြစ်သည်။ "စိုက်ပျိုးရေးအခြေခံ မြေမှန်"ဟုဆိုသည့်အတိုင်း မြေမှန်မြေကောင်းတစ်ခုကိုရယူပိုင်ဆိုင်ထားပါက မြေဆီလွှာပြဿနာရပ်များကိုမဖြစ်ပေါ်စေဘဲ မိမိစိုက်ပျိုးလိုသည့်သီးနှံကို စိတ်ချလက်ချထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြေကောင်း(မြေမှန်) တစ်ခုတွင် ရှိသင့်၊ ရှိထိုက်သည့်အချက်များကို သိရှိထားသင့်ပါသည်။

မြေကောင်း(မြေမှန်)တစ်ခုသည် ရေစီးဆင်းမှုကောင်းမွန်ပြီး မြေပပ်ကြားအက်မှုမရှိစေဘဲ မိုးရွာသွန်းသည့်အခါနှင့် ရေသွင်းသောအခါတွင် ရေများကိုထိန်းထားနိုင်ပြီး စီးဆင်းပျောက်ဆုံးမှုနည်းရမည်။ ခြောက်သွေ့သောကာလတွင် အစိုဓာတ်ထိန်းနိုင်ပြီး ကျောက်တုံး၊ ကျောက်ခဲနှင့် မြေဆီလွှာမာကျောမှုနည်းပါးပြီး ရေ၊ လေတိုက်စားမှုနှင့် အာဟာရဓာတ်ဆုံးရှုံးမှုလျော့နည်းစေရမည်။ သက်ရှိအဏုဇီဝများ ပေါက်ပွားမှုများပြားပြီး သီးနှံအထွက်နှုန်းတိုးမြင့်စေရေးအတွက် ဓာတ်မြေဩဇာဖြည့်သွင်းမှုများစွာ မပြုလုပ်ရသေးသောမြေဖြစ်ရမည်။ မြေဆီ၊ မြေနှစ်ပြည့်ဝပြီး မြေသင်းနံ့ရှိရမည်။ ကျန်းမာကြံ့ခိုင်သောမြေဖြစ်၍ အရည်အသွေးမြင့်သောသီးနှံများ ထုတ်လုပ်ပေးနိုင်ရမည် စသည့်ဂုဏ်သတ္တိများရှိသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးကြသူများအနေဖြင့် မိမိတို့၏စိုက်ပျိုးမြေများတွင်လည်း ဖော်ပြပါမြေကောင်းတစ်ခုကဲ့သို့ ကောင်းမွန်သောလက္ခဏာများပါဝင်ရန် အရေးကြီးသည်ကိုသိရှိပြီးနောက် သီးနှံမစိုက်မီလိုအပ်သောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။

မြန်မာနိုင်ငံရှိ တောင်သူအများစုသည် သီးနှံများအထွက်တိုးရေးဆိုသည့်ရည်ရွယ်ချက်ဖြင့် ဓာတ်မြေဩဇာများကို လိုအပ်သည်ထက်ပို၍သုံးနေကြသည်။ အမှန်တကယ်အားဖြင့် သီးနှံအထွက်နှုန်းတိုးသည်မှာ နှစ်အနည်းငယ်မျှသာဖြစ်ပြီး နောက်ပိုင်းနှစ်များတွင် အထွက်နှုန်းများ တဖြည်းဖြည်းလျော့ကျလာသည့်အတွက် သီးနှံအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာများကို တိုး၍သုံးစွဲလာရကာ မြေဆီလွှာသည် ပျက်စီးသည်ထက် ပျက်စီးလာသည်။ ထို့ကြောင့် တောင်သူဦးကြီးများသည် ဓာတ်မြေဩဇာများကို အလွန်အကျွံအသုံးမပြုဘဲ မိမိတို့မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ မြေတွင်းအစိုဓာတ်များ ပိုမိုကောင်းမွန်လာအောင် သဘာဝမြေဩဇာများကို အသုံးပြုခြင်း၊ မြေလုပ်ခြင်း၊ သစ်စိမ်းမြေဩဇာများ ထည့်ခြင်းစသောလုပ်ငန်းများကို လုပ်ပေးသင့်သည်။

သီးနှံပင်ဖြစ်ထွန်းရန်အတွက် နောက်တစ်ချက် အရေးကြီးဆုံးမှာ မျိုးကောင်း၊ မျိုးသန့်ဖြစ်သည်။ စိုက်ပျိုးရေးဆိုသည်မှာ မစိုက်မီမြေပြုပြင်သည်မှ



ရင့်မှည့်ခူးဆွတ် ဈေးကွက်ပို့သည်ထိ လုပ်ငန်းအဆင့်တိုင်းသည်အရေးကြီးသည်။ ထိုအထဲမှ "မျိုး"သည် အဓိကဖြစ်သည်။ "မျိုးစေ့မမှန် ပင်မသန်"ဟု ဆိုရိုးလည်းရှိသကဲ့သို့ စိုက်ပျိုးရေးတွင် အဓိကဦးတည်လုပ်ကိုင်နေသည်မှာ စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုး၍ ပန်းတိုင်အထွက်ရရှိရေးနှင့် ထွက်ရှိသောသီးနှံများ အရည်အသွေးကောင်းရေးတို့ဖြစ်ပြီး ဤနှစ်ချက်စလုံးကို အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသည့်မျိုးကောင်း၊ မျိုးသန့်ကို စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည်။

မျိုးကောင်း၊ မျိုးသန့်ဆိုသည်မှာ ပိုးမွှားနှင့်ရောဂါဒဏ်ကို ခံနိုင်ရည်အားရှိရမည်။ မျိုးရိုးဗီဇမရောယှက်ဘဲ သန့်ပြန့်ရမည်ဟူသော ဂုဏ်သတ္တိများရှိသည်။ ထိုသို့ ကောင်းခြင်း၊ သန့်ခြင်းသည် ကောင်းမွန်သောမျိုးစေ့မှသာရရှိနိုင်၍ မျိုးသည်အရေးကြီးသည်ဟု ဆိုလိုသည်။ စိုက်ပျိုးသူတောင်သူများထံသို့ စိုက်ပျိုးရေးဦးစီးဌာနတစ်ခုတည်းမှ မျိုးလုံလောက်အောင် ပေးဝေဖြန့်ဖြူးခြင်း၊ ရောင်းချနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ယခင်က မျိုးစေ့စီးဆင်းမှုအနေဖြင့် မျိုးသန့်ထုတ်လုပ်ခြင်း၊ မျိုးပွားခြင်း၊ ဖြန့်ဖြူးခြင်း၊ မျိုးထိန်းခြင်းလုပ်ငန်းစဉ်များကို အကျိုးဆောင်တောင်သူများကိုထားရှိ၍ လုပ်ကိုင်ခဲ့ကြသည်။ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများကလည်း မျိုးစေ့ထုတ်လုပ်လာကြသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျိုးဆောင်တောင်သူများကို ထားရှိ၍ လုပ်ကိုင်ခဲ့ကြသည်။ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများမှလည်း မျိုးစေ့ထုတ်လုပ်လာကြသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက နည်းပါးနေသေးသည်။ မျိုးကောင်း၊ မျိုးသန့်စီးဆင်းမှုများ ယခုထက်ပို၍ မြန်ဆန်ကောင်းမွန်လာပါက တောင်သူလယ်သမား၊ စိုက်ပျိုးထုတ်လုပ်သူများ၏ မျိုးအခက်အခဲပြဿနာများ ပြေလည်သွားမည်ဖြစ်သည်။ အများစုသော စိုက်ပျိုးသူများသည် မျိုးထိန်းထားသောတောင်သူများထံမှဖြစ်စေ၊ ပွဲရုံမှဖြစ်စေ မျိုးအဖြစ်ခေါ်နေကြသော အစေ့အဆန်များကို ဝယ်ယူစိုက်ပျိုးနေကြရသည်။ ထိုအခါ သီးနှံ၏ အရည်အသွေးနှင့် အထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုလျော့ကျလာသည်။ ထို့ပြင် စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် နှစ်ရှည်သီးပင်များတွင်ကြုံတွေ့ရသော ဒုတိယအခက်အခဲမှာ မိမိဒေသ၊ ရေမြေရာသီဥတုနှင့် ကိုက်ညီမှု ရှိ၊ မရှိ မကြည့်ကြ၊ မသိကြဘဲ ကောင်းသည်ဆိုသောမျိုးကို စိုက်ပျိုးကြသဖြင့် မိမိဒေသ၊ ရေမြေရာသီဥတုနှင့် မကိုက်ညီပါက အောင်မြင်ဖြစ်ထွန်းမှုနည်းပါပြီး အခက်အခဲများစွာလည်း ကြုံတွေ့ကြရသည်။ ထို့ကြောင့် "မျိုးစေ့ကိုစိုက်ပါ၊ ဒေသနှင့်ကိုက်ညီမှုရှိပါစေ"ဆိုသော အချက်နှစ်ချက်ကို တောင်သူဦးကြီးများအနေဖြင့် အလေးထားဂရုပြုဆောင်ရွက်သင့်သည်။

စိုက်ပျိုးရေးတွင် ရေသည်မရှိမဖြစ်အရေးပါသောသွင်းအားစုတစ်ခုဖြစ်သည့်အလျောက် အလဟဿမဖြစ်အောင် အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲနိုင်ရန်လည်းအရေးကြီးသည်။ စိုက်ပျိုးရေကို ရယူသုံးစွဲရာတွင် ဆည်မြောင်းစနစ်များ၊ မြစ်ရေတင်များမှ ရယူသည်ဖြစ်စေ၊ မြေအောက်ရေကို ထုတ်ယူသည်ဖြစ်စေ၊ မိုးရေကိုရယူသည်ဖြစ်စေ အလေအလွင့်မဖြစ်စေဘဲ လိုအပ်သလောက်ကိုသာရယူ၍ အကျိုးရှိရှိ ထိရောက်စွာသုံးစွဲနိုင်ရန် လိုအပ်သည်။ တောင်သူဦးကြီးများအနေဖြင့် မများမကြာမီကာလတွင် အယ်နီညိုရာသီဥတုနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်သဖြင့် စိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းမထိခိုက်အောင် လုပ်ဆောင်ရမည့်အချက်တစ်ခုအနေဖြင့် ရေကိုရယူရာတွင် အလေအလွင့်များပြားခြင်းဖြင့် စွမ်းအင်ပိုမိုသုံးစွဲရသည့်အတွက် ကုန်ကျစရိတ်ပိုမိုများပြားခြင်း၊ ရေအရင်းအမြစ်ဆုံးရှုံးခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ်နိုင်သည့်အတွက် ရေချွေတာရေးနည်းလမ်းများဖြစ်သည့် Drip irrigation၊ Sprinkler irrigation စသော ကောင်းမွန်သည့်ရေသွင်းနည်းစနစ်များကို အသုံးပြုသင့်သည်။ မိုးများသော ရာသီဥတုတွင် ရေစုကန်များတူး၍ ရေများကို သိုလှောင်ထားခြင်းဖြင့် ကုန်ကျစရိတ်ကိုချွေတာနိုင်သကဲ့သို တစ်ဖက်တွင်လည်း ရေသယံဇာတပြုန်းတီးခြင်းကို လျော့နည်းစေနိုင်သည့်အတွက် အလေးထားလုပ်ဆောင်သင့်သည်။

နောက်တစ်ချက်အနေဖြင့် အပင်သည် စကားမပြောတတ်သောသက်ရှိဖြစ်ပေရာ သီးနှံများအထွက်နှုန်းကောင်းရန်အတွက် သီးနှံပင်ကြိုက်နှစ်သက်သောပတ်ဝန်းကျင်ဖန်တီးခြင်းဖြစ်စေ၊ မိမိ၏ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသော သီးနှံပင်ကို စိုက်ပျိုးခြင်းဖြစ်စေ ရွေးချယ်စိုက်ပျိုးသင့်သည်။ ဥပမာအားဖြင့် မိမိဒေသသည် ရေမလွယ်သောဒေသဖြစ်ပါက ရေငတ်ဒဏ်ခံနိုင်သောသီးနှံကို ရွေးချယ်စိုက်ပျိုးသင့်ပြီး မိမိသည် ဈေးကွက်လိုအပ်ချက်အရ ရေလိုအပ်သောသီးနှံကိုစိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးသည့်သီးနှံကြိုက်နှစ်သက်သော ရာသီဥတုကို ဖန်တီး၍လည်းကောင်း၊ ၎င်းသီးနှံနှင့် လိုက်လျောညီထွေဖြစ်မည့် ပတ်ဝန်းကျင်ကို ပြောင်းရွှေ့စိုက်ပျိုးခြင်းဖြင့်လည်းကောင်း လုပ်ဆောင်သင့်သည်။ သို့မှသာ မိမိတို့လိုအပ်သော အရည်အသွေးနှင့် ကောင်းမွန်သောအထွက်နှုန်းကို ရရှိမည်ဖြစ်သည်။

အချို့ဒေသများမှတောင်သူများသည် သီးနှံတစ်မျိုးတည်းကိုစိုက်ပျိုးကြသဖြင့် အချိန်ကြာမြင့်လာသည့်အခါ အပင်များသည် ရောဂါများနှင့် ပိုးမွှားများဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေပြီး သီးနှံဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အတူ ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းသည် မြေဆီလွှာနှင့် ရေကို ညစ်ညမ်းစေကာ သီးနှံဖျက်ပိုးများသည်လည်း ဆေးကိုယဉ်ပါးလာသဖြင့် မဖြစ်မနေမှ ပိုးသတ်ဆေးကို သုံးသင့်သည်။ ဓာတုပိုးသတ်ဆေးအစား သဘာဝပိုးသတ်ဆေးများ အစားထိုးသုံးစွဲခြင်းဖြင့် ထိရောက်ပြီး ကုန်ကျစရိတ်လည်း သက်သာစေမည်ဖြစ်သည်။ ပိုးသတ်ဆေးကို မဖြစ်မနေသုံးရမည်ဆိုလျှင်လည်း ညွှန်ကြားချက်အတိုင်း သင့်တင့်သော အနည်းဆုံးနှုန်းထားမှစ၍ သုံးသင့်သည်။ ထိုသို့ စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို သီးနှံသက်တမ်းအလိုက် အချိန်ကိုက်အသုံးပြုနိုင်ပါက သီးနှံအထွက်နှုန်းများသည်လည်း တိုးတက်လာမည်ဖြစ်သည်။

ယနေ့ခေတ်တွင် သီးနှံများ ရောနှောစိုက်ပျိုးခြင်း၊ သီးနှံတစ်မျိုးတည်းမစိုက်ပျိုးဘဲ သီးလှည့်စိုက်ပျိုးခြင်း၊ တောင်ကုန်းတောင်စောင်းများအတွက် လှေကားထစ်စိုက်ပျိုးနည်း၊ တောင်စောင်းစိုက်ပျိုးနည်းစနစ်(SALT)စသည်ဖြင့် စိုက်ပျိုးနည်းစနစ်များအပြင် အခြားသီးနှံစိုက်ပျိုးနည်းစနစ်များကို ထွက်တိုး၊ အစိမ်းရောင်လမ်းစသည့် Application များတွင် လေ့လာနိုင်သကဲ့သို့ လယ်ယာစီးပွားသတင်းဂျာနယ်တွင်လည်း စိုက်ပျိုးရေးဆိုင်ရာဆောင်းပါးများ၊ တိုင်းဒေသကြီးအားလုံးတွင်ဖြစ်ပေါ်နေသော သီးနှံဈေးနှုန်းများ၊ သွင်းအားစုဈေးနှုန်းများ၊ အလွယ်တကူဖတ်ရှုနိုင်ပြီဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော မိမိတို့သိရှိလိုသည်များ၊ ပြဿနာများကို စိုက်ပျိုးရေးဦးစီးဌာန Call-Center တွင်လည်း ဆက်သွယ်မေးမြန်းကာ အကြံဉာဏ်များတောင်းနိုင်ပြီဖြစ်သည်။ ထို့ကြောင့် တောင်သူကြီးများအနေဖြင့် မိမိတို့၏အချိန်ကို အကျိုးရှိစွာအသုံးပြု၍ မိမိစိုက်ပျိုးသောသီးနှံနှင့် လိုက်ဖက်သောစိုက်ပျိုးနည်းစနစ်ကောင်းများကိုလေ့လာပြီး သီးနှံများစိုက်ပျိုးရာတွင် "မျိုး၊ မြေ၊ ရေ၊ နည်း"ကို အခြေခံပြီး စိုက်ပျိုးခြင်းအားဖြင့် သီးနှံများအထွက်နှုန်းတိုး၍ ပန်းတိုင်အထွက်ရရှိကာ တောင်သူဦးကြီးများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်၏ စားရေရိက္ခာ တိုးတက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများလည်းရရှိလာကာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဝတ္ထုတိုကဏ္ဍ

# ကံကောင်းပါရစေ

## ကိုရွှေတောသား(ဆင်ကူး)



(၁)

"အားလုံးသော ဝေနေယျများစွာ သဗ္ဗေသတ္တာ သတ္တဝါတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ ဘေးဘယာတွေဝေးကွာပြီး လိုရာဆန္ဒများ ပြည့်ဝကြပါစေ"

ဆုတောင်းပြည့်စေတီဘေးက သာယာလှသည့် မေတ္တာပို့သံကလေး ကျွန်တော့်နားထဲ ကြားလိုက်ရသည်။ ထိုမိန်းကလေးရှိရာဆီသို့ သွား၍ကြည့်ရသည့်တိုင် ကျွန်တော့်ခြေလှမ်းများက သွက်လက်သွားသည်။ အနားသို့ရောက်သည့်အခါ ထိုမိန်းကလေးသည် သူ၏မွေးနေ့ထောင့်ဖြစ်ဟန်တူသည့် တနင်္ဂနွေထောင့်တွင်ရှိနေသည်။ နောက်ကနေကြည့်မိရင်းက ထိုမိန်းကလေးကို လေးစားမိသည်။ ခဏကြာသည့်အခါ ပုတီးကုံးကလေးကိုလက်ကိုင်အိတ်ကလေးထဲ ထည့်၍ သိမ်းလိုက်ပြီး ကျွန်တော်ရှိရာဘက်သို့ လှည့်၍ကြည့်လာ၏။

"ဟင်"

ကျွန်တော် အံ့ဩမှင်တက်သွားသည်။ သူ့မျက်နှာကလေးကို စူးစိုက်ပြီးကြည့်မိသည်။ ထိုစဉ် ကျွန်တော့်ရင်ဘတ်တစ်ခုလုံးသည် ပွင့်ထွက်မတတ် တုန်လှုပ်နေသည်။ မတ်တတ်ရပ်နေသော ကျွန်တော့်ခြေထောက်များသည်လည်း ခွေပျော့၍ ယိုင်နဲ့စွာ ညွတ်ကျစေတော့မည့်အသွင် ကျွန်တော့်စိတ်များက လှုပ်ရှားနေတော့သည်။ သူ့အလုပ်ကိုသူဆက်လုပ်ရင်း ဝေယျာဝစ္စပြီးဆုံးသွားသည့်အခါ ဆုတောင်းပြည့်စေတီဘေးမှ ထွက်ခွာသွားသည်။ တရွေ့ရွေ့ဝေးကွာသွားသည့် သူ့ကျောပြင်ကို ငေးကြည့်နေခဲ့ရင်း ဆုတောင်းပြည့်စေတီထံတော်ပါးတွင် ကျွန်တော်သည်လည်း ဆုတောင်းလိုက်မိပါ၏။

(၂)

"သြော်...လက်စသတ်တော့ မင်းက အေးအေးသက်အကြောင်းပြောနေတာပဲ။ ငါ့မှာ မင်း ဘယ်ကောင်မကလေးများ တွေ့လာသလဲလို့ဆိုပြီး စိတ်ဝင်စားလိုက်ရတာ"

"ဘာ အေးအေးသက် ဟုတ်လား။ နာမည်က အေးအေးသက်တဲ့လား"

"ဟုတ်တယ်လေ သူ့နာမည်က အေးအေးသက်တဲ့။ သူ့မှာ မိဘဆွေမျိုးဆိုလို့ သူနဲ့အတူတူနေနေတဲ့ အန်တီဝါဝါဆိုတဲ့ အဒေါ်ကြီးတစ်ယောက်ပဲရှိတယ်"

"ဟုတ်လား"

"ဟုတ်တယ်။ ဒါနဲ့နေစမ်းပါအုံး။ မင်းက အဲဒီကောင်မကလေးကို ဘာကြည့်ပြီးကြိုက်တာလဲ။ ရုပ်ရည်လဲမလှဘူး။အသားကလဲ ညိုတယ်ဆိုတာထက် မည်းနေသေး။ ပစ္စည်းဥစ္စာလဲမရှိ၊ ဘွဲ့ရပညာတတ်လဲ မဟုတ်။ ငါမျက်စိနဲ့ကြည့်လို့ကတော့ မကြိုက်ပါဘူးကွာ"

အောင်ထွန်းက သူ့ဆန္ဒအမှန်အတိုင်း ပြောလာသည်။ ပြောလည်းပြောချင်စရာ ဖြစ်နေသည်။ အေးအေးသက်သည် လှပသည့်မိန်းကလေးထဲမပါသလို ရွှက်ကြမ်းရေကျိုအလှထဲလည်းမပါ။ မွဲပြာပြာမျက်ဝန်းထဲက ကြည်လင်နေသည့် အကြည့်၊ ရိုးသားသည့်အပြုံးများသာလျှင် ကျွန်တော့်အတွက်တော့ အခမ်းနားဆုံး ပန်းချီကားတစ်ချပ်ဖြစ်နေသည်။ သူ့အပြုံးများ၌ ဟန်ဆောင်မှုမပါ။ ပကတိဖြူစင်ရိုးသား၏။ သို့ထက် သူသည် သူ့ဘဝကိုတန်ဖိုးထား၏။ ဘဝပေးအခြေအနေအရ ဆင်းရဲနုံချာသည်က ဘဝနှင့်မသက်ဆိုင်ပေ။ လူတစ်ယောက် ရိုးရိုးသားသားဖြင့် ကြိုးကြိုးစားစားရှိနေလျှင် ထိုသူ၏ဘဝက လက်ရှိကာလတွင် အဓိပ္ပာယ်မရှိသေးလျှင်တောင် နောင်တစ်ချိန်၌ လှပသာယာလာမည့်ဘဝကို ရရှိပိုင်ဆိုင်နိုင်လိမ့်မည်မှာ အမှန်ပင်ဖြစ်လိမ့်မည်။

"သူ့နှလုံးသား"

"ဘာကွ သူ့နှလုံးသား ဟုတ်လား။ ဘာစကားကြီးလဲကွာ။ ငါတော့နားမလည်တော့ဘူး။ ငါနားလည်အောင်ရှင်းစမ်းပါအုံး"

အောင်ထွန်းက အံ့ဩစွာမေးသည်။

"ငါချစ်တာ သူ့အလှအပကိုချစ်တာမဟုတ်ဘူး။ သူ့နှလုံးသားကိုချစ်တာ။ အောင်ထွန်းရာ သူက အခြားမိန်းကလေးတွေလောက် မလှပဘူးဆိုတာကိုတော့ ငါမငြင်းပါဘူး။ မင်းပြောသလို ပညာလဲမတတ်ဘူး၊ ပစ္စည်းဥစ္စာလဲမရှိဘူး၊ ဆွေမျိုးဉာတကာလဲမရှိဘူး။ အေး... ဒါပေမဲ့ သူ့မှာ သူများတွေနဲ့မတူတဲ့ မွန်မြတ်လှပတဲ့ နှလုံးသားရှိတယ်"

"ဟင်...."

"အခုခေတ်မိန်းကလေးတွေမှာ ရိုးရိုးအေးအေးနဲ့ ယဉ်ယဉ်ကျေးကျေးနေထိုင်တတ်တဲ့ အကျင့်စရိုက်တွေရှားသွားပြီမဟုတ်လား။ အကုန်လုံးကို ငါမဆိုလိုပေမဲ့ အများအားဖြင့် ထိုနည်းလည်းကောင်းပဲလေ။ ခေတ်ဆန်ဆန်အဝတ်အစားတွေနဲ့ အတိုအပြတ် ဟိုမလုံဒီမလုံ ပေါ်ပေါ်ရော်ရော်အဝတ်အစားတွေ ဝတ်မယ်။ ဆံပင်အတိုတွေညှပ်မယ်။ အရောင်တွေ အမျိုးမျိုးနဲ့ ဆေးဆိုးပန်းရိုက်တွေလုပ်ကြမယ်။ မြန်မာ့သနပ်ခါးအစား အနောက်တိုင်းဆန်ဆန် မိတ်ကပ်တွေ၊ အသင့်လိမ်းခြယ်လို့ရတဲ့အရာတွေနဲ့ တန်ဆာဆင်အလှပြင်ဖို့ချည်းပဲ တတ်ကြတော့တာ။ အိမ်မှုကိစ္စဆို ချက်တတ်ပြုတ်တတ်တဲ့ မိန်းကလေးက ခပ်ရှားရှား။ အပြင်ထွက်ပြီး အလုပ်လုပ်တယ်ဆိုတာနဲ့ပင် လုံလောက်နေပြီလို့ထင်နေကြတော့တာ။ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့လဲ တဖြည်းဖြည်းအလှမ်းဝေးလာကြပြီလေ"

"အေး နေစမ်းပါအုံး။ အဲဒါက အေးအေးသက်နဲ့ ဘာဆိုင်လို့လဲ။ မင်းပြောတာ ငါနားမလည်ဘူး"

အောင်ထွန်းက ကျွန်တော်ပြောချင်သည့်စကားကို နားမလည်နိုင်သေးစွာမေးသည်။

"ဆိုင်တာပေါ့ အောင်ထွန်းရာ ဆိုင်တာပေါ့။ အေးအေးသက်က အဲဒီလို မိန်းကလေးတွေနဲ့ လုံးဝမတူတဲ့ ရှားရှားပါးပါး မိန်းကလေးတစ်ယောက်ပဲကွ"

"ဟေ..."

အောင်ထွန်းက အေးအေးသက်နှင့်ပတ်သက်ပြီး ပြောပြနေသည့် ကျွန်တော့်စကားကို စိတ်ဝင်တစား နားထောင်နေသည်။

(၃)

"မင်းမြင်ခဲ့ပြီမဟုတ်လား အောင်ထွန်း "

အောင်ထွန်းက ခေါင်းညိတ်၍ဖြေ၏။ အောင်ထွန်းနှင့်ကျွန်တော် အေးအေးသက်တို့အိမ်သို့ ရောက်ဖြစ်ခဲ့ကြသည်။ အေးအေးသက်သည် ကျွန်တော်ထင်တာထက်ပင် ပို၍တော်နေသည်။ အိမ်မှုကိစ္စနိုင်နင်းလှသည်။ အေးအေးသက်တို့အိမ်ကလေးသည် သန့်ရှင်းသပ်ရပ်နေသည်။ အထူးသဖြင့် အေးအေးသက်တို့အိမ်က ဘုရားစင်သည် ကြည်ညိုဖွယ်ရာရှိလှသည်။ လှပလန်းဆန်းသည့်ပန်းများ ဝေဆာနေအောင်လှူဒါန်းထားပြီး ဘုရားကို ဆွမ်းတော်ကပ်၍ လှူဒါန်းပူဇော်ထားသည်။ နံနက် ၉ နာရီခန့်ရောက်ရှိသွားခိုက်ဖြစ်၍ အေးအေးသက်က ဘုရားဝတ်ပြုကာ အမျှအတမ်းဝေနေသည်။ အမျှဝေသံသာသာယာယာကို အကြိမ်ကြိမ်သာဓုခေါ်မိသည်။ အေးအေးသက် တည်ခင်းဧည့်ခံသည့် ရေနွေးကြမ်းနှင့်လက်ဖက်သုပ်ကို စားသောက်ရင်း တည်ငြိမ်အေးချမ်းလှသည့် အေးအေးသက်၏မျက်နှာကလေးကို ငေးမောကြည့်မိသည်။ ရှည်လျားလှသည့်ဆံပင်ရှည်ကို ဆံထုံးထုံးထားပြီး ခရေပန်းကုံးကလေးကို ပန်ဆင်ထားသည့် အေးအေးသက်သည် မြန်မာ့သနပ်ခါးကိုပင် ပါးကွက်ကွက်လိမ်းခြယ်ထားကာ ယဉ်ယဉ်ကလေးလှနေတော့သည်။ လေသံအေးအေးကလေးဖြင့် သိမ်မွေ့စွာစကားပြောနေသည့် အေးအေးသက်၏မျက်နှာကလေးက ကျွန်တော့်ရင်ထဲစွဲလမ်းနေသည်။

"ဟုတ်တယ် ဖိုးအောင် မင်းပြောတာမှန်တယ်။ ငါလဲအေးအေးသက်အကြောင်းကို စုံစမ်းပြီးသွားပြီ။ အေးအေးသက်က တကယ့်ကို နှလုံးသားလှတဲ့ မိန်းကလေးတစ်ယောက်ပဲ။ အေးအေးသက်က လူကြီးတွေအပေါ်ကို ရိုသေသိတတ်သလို လူတစ်ဖက်သားကိုလဲ ကူညီရိုင်းပင်းတတ်သေးတယ်။ သူ့လို မိန်းကလေးတစ်ယောက်ကို မင်းချစ်မိတာ ငါမကန့်ကွက်တော့ပါဘူး။ ငါအားပေးတယ်ငါ့ကောင်။ ရအောင်သာကြိုးစားပေတော့"

အောင်ထွန်းက အားရဝမ်းသာပြော၏။ ကျွန်တော် အောင်ထွန်းကို ပြုံးပြုံးကြီးကြည့်ရင်း ပြောလိုက်သည်။

"ဟား ဟား ဟား မင်းပြောတာ နောက်တောင်ကျနေပြီအောင်ထွန်းရေ။ ငါကဖွင့်တောင်ပြောပြီးသွားပြီ"

"ဟေသူကဘာပြောလဲမင်းကိုမကြိုက်နိုင်ဘူးတဲ့လား"

အောင်ထွန်းက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ရင်း စနောက်ကျီစယ်ကာ မေးသည်။

"မဟုတ်ပါဘူးကွာ"

"ဟင် မင်းကိုမငြင်းလိုက်ဘူးလဲဆိုသေး မင်းမျက်နှာက ဘာဖြစ်သွားရတာလဲ''

ပြုံးနေရင်းက ခပ်တည်တည်ဖြစ်သွားသည့် ကျွန်တော့်မျက်နှာကိုစိုက်ကြည့်ရင်း အောင်ထွန်းက မေးသည်။

"ငါ့ကို ငြင်းတော့မငြင်းပါဘူး အောင်ထွန်းရာ။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ဖိုးအောင်"

ကမ္ဘာကြီးသည် စဉ်လာမပျက် လည်ပတ်လျက်ရှိ၏။ အရာရာပြောင်းလဲနေသည့် ပြောင်းလဲမှုများသည် သူ့ဘာသာသူ ပြောင်းလဲလာခဲ့သည်ချည်းမဟုတ်ခဲ့။ လူသားများ၏ ဆန်းသစ်တီထွင်မှု၊ ကြိုးစားမှုများကြောင့် ပြောင်းလဲလာခဲ့ကြသည်များပင်ဖြစ်သည်။ အချို့တိုးတက်မှုများတွင် တန်ပြန်ဆိုးကျိုးများရောနှောပါဝင်နေခဲ့ကြသည်။ ခေတ်စနစ်နှင့်မကိုက်ညီတော့သည့်အရာများကို ပယ်ဖျက်သင့်လျှင်ပယ်ဖျက်ရသည်။ လက်ဆင့်ကမ်းထိန်းသိမ်းသင့်လျှင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ လူတစ်ဦးဘဝတိုးတက်ဖွံ့ဖြိုးဖို့ရာ ရိုးသားရ၏။ ထိန်းသိမ်းအပ်သည့်ကိုယ်ကျင့်တရားများရှိရ၏။ အေးအေးသက်သည် ခေတ်လူငယ်မိန်းကလေးတစ်ယောက်ဖြစ်သည်။ အများက အေးအေးသက်ကို ခေတ်မမီဘူးဟုဆိုကြသည်။ စင်စစ်၌သို့ပင်မဟုတ်ပါချေ။ အေးအေးသက်သည် ခေတ်မီသည့်မိန်းမကောင်း မိန်းမမြတ်တစ်ယောက်ဖြစ်သည်။ မိန်းကလေးတို့စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်တရားကိုမကျိုးပေါက်အောင်စောင့်ထိန်းသည်။ သူ့ဘဝကိုသူ တန်ဖိုးထားသည်။ အတန်းပညာမှာ ဘွဲ့မရ၊ ရာထူးဂုဏ်သိန်မရှိသော်လည်း အေးအေးသက်တွင် အံ့ဩရလောက်သည့်ဘဝအတတ်ပညာများရှိသည်။ အေးအေးသက်ကို ကျွန်တော်ချစ်ရေးဆိုသည့်အခါ သူ့ဘက်က ပစ်ပစ်ခါခါမငြင်းပေ။ သို့သော် လက်ခံပါသည်ဟူ၍လည်း အဖြေမပေးပေ။ မိန်းကလေးတို့ ပြောသင့်ပြောအပ်သည့် စကားအရာ အတတ်ပညာများနှင့် ပြန်လည်၍ ပြောလာသည်။

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၄ ဒသမ ၄၁ တင်း ထွက်ရှိ



**ရေဦး ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၃၅၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ကုလားပဲ ၉၃၅၃ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ ကေအားလုံးရာနှုန်း ပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကုလားပဲတစ်ကေ စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

(၄)

"အစ်ကို အေးကိုတကယ်ချစ်ရင် အချိန်အတိုင်းအတာတစ်ခုထိ အစ်ကို့ကို အေးအနေနဲ့ စောင့်ကြည့်ရလိမ့်မယ်။ အေး အစ်ကို့ကို စောင့်ကြည့်ပါရစေအုံး။ အစ်ကို့အကြောင်းတွေကို အေး အသေးစိတ် စုံစမ်းကြည့်မယ်။ အေးလိုချင်တဲ့အရည်အချင်းတွေ အစ်ကို့မှာရှိနေရင် အေးအစ်ကို့ကိုမငြင်းပါဘူး"

"ဟင် စောင့်ကြည့်မယ် ဟုတ်လား။ အေးက ဘာကိုစောင့်ကြည့်မှာလဲ။ အစ်ကိုက ပိုက်ဆံရှိတဲ့သူဌေးသား။ ပြီးတော့ ဘွဲ့ရပညာတတ်တစ်ယောက်လေ။ ဘာများလိုနေသေးလို့လဲ အေးရယ်"

"ဟင့်အင်း မဟုတ်သေးဘူးအစ်ကို မဟုတ်သေးဘူး။ အေးလိုချင်တဲ့အရာတွေက အဲဒါတွေတစ်ခုမှမဟုတ်ဘူး။ အေးက အေးနဲ့အတူ တစ်သက်လုံးပေါင်းသင်းဆက်ဆံသွားရမဲ့ ယောကျ်ားတစ်ယောက်ကို အခြားမိန်းကလေးတွေနည်းတူ လွယ်လွယ်ချစ်ပြီး လွယ်လွယ်ပဲရွေးသွားလိမ့်မယ်လို့ အစ်ကိုက ထင်နေတာလား။ အေးကတော့ အဲဒီလို မိန်းကလေးမျိုးမဟုတ်ဘူးအစ်ကို။ တကယ်တော့လေ အေးမှမဟုတ်ပါဘူး။ အေးက မိန်းကလေးတိုင်းကို ကိုယ့်ဘဝ၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားစေချင်တယ်။ အေးကိုယ်တိုင်လဲ ကိုယ့်ဘဝ၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတယ်။ အထူးသဖြင့် အခုလို ဘဝရှေ့ရေးနဲ့သက်ဆိုင်တဲ့ဆုံးဖြတ်မှုမျိုးတွေမှာ လွယ်လွယ်မတွေးစေချင်ဘူး။ အေးကတော့ သေသေချာချာ တွေးတယ်အစ်ကို။ အိမ်ထောင်ပြုတယ်ဆိုတာ လွယ်ပါတယ်အစ်ကိုရယ်။ အဲဒီအိမ်ထောင်ရေးတည်မြဲဖို့သာခက်ခဲတာပါ။ ပြီးတော့ ကိုယ်က ခင်ပွန်းကောင်း၊ မိတ်ဆွေကောင်းကိုလိုချင်ရင် ကိုယ်ကိုယ်တိုင်ကလဲ ကောင်းအောင်နေတတ်ရမယ်မဟုတ်လား အစ်ကို။ အေးကတော့ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားသလို အေးဘဝကိုလဲ တကယ်တန်ဖိုးထားပြီး မြတ်နိုးတတ်တဲ့ယောကျ်ားမျိုးကိုပဲ ရွေးချယ်မှာပါအစ်ကို"

"ဟုတ် ဟုတ်တာပေါ့ အေးရယ်"

ကျွန်တော် အေးအေးသက်၏ရှေ့တွင် ကျရှုံးခဲ့ရပြီလား။ ရုတ်တရက်တွေးမိပြီး စကားများ အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားရသည်။ တစ်ကိုယ်လုံး တုန်လှုပ်ပြီး စိုးရိမ်ကြောင့်ကြမှုများကြောင့် ရင်ထဲပူလောင်သွားရသည်။

"အေးပြောချင်တာက ဒီလိုပါအစ်ကို။ အေးလဲ အစ်ကို့ကို သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ အချစ်ဆိုတဲ့အရာက အေးအတွက်တော့ လွယ်လွယ်လေးတွေးရမဲ့အရာမဟုတ်ဘူးလို့ အေး ထင်တယ်အစ်ကို။ အေးယူမဲ့ယောကျ်ားကို အေးစိတ်တိုင်းကျမဖြစ်ရင်တောင် အေးလိုချင်တဲ့ စံနှုန်းတွေရှိဖို့တော့ သတ်မှတ်ထားတယ်အစ်ကို"

"ဘာစံနှုန်းတွေများလဲ အေးရယ် "

"အင်း...အေး ပြောပါ့မယ်အစ်ကို။ ဒီလိုပါ။ အေးယူမဲ့ယောကျ်ားက အရက်သေစာသောက်စားတတ်တဲ့သူမဖြစ်ရဘူး။ အလောင်းကစားမလုပ်တတ်ရဘူး။ စကားပြောဆိုယဉ်ကျေးရမယ်။ လူကြီးမိဘတွေနဲ့ ဘုရားတရားအပေါ် ရိုသေသိတတ်ရမယ်။ လူကြီးလူကောင်းဆန်ရမယ်ပေါ့အစ်ကိုရာ။ ပညာတတ်တာမတတ်တာ၊ ချမ်းသာတာဆင်းရဲတာ အေးစိတ်မဝင်စားဘူး။ ရိုးသားရမယ်။ အလုပ်အကိုင်ကြိုးစားရမယ်။ ဒါပါပဲ အစ်ကိုရယ်"

အေးအေးသက်စကားကြောင့် ကျွန်တော်ဝမ်းသာကျေနပ်နေမိသည်။

"အချိန်ကကော ဘယ်လောက်ကြာကြာ စောင့်ကြည့်မှာလဲဟင်"ဟု အေးအေးသက် စကားမဆုံးခင် အားရဝမ်းသာ မေးမိသည်။ အခုမှပင် ကျွန်တော့်ရင်ထဲ အေးမြသွားရသည်။

"သုံးနှစ်"

"ဗျာ..."

ကျွန်တော် အလန့်တကြားအော်လိုက်မိသည်။

"စတာပါ အစ်ကိုရယ်။ အဲဒီလောက်ကြီးတော့မကြာပါဘူး။ အစ်ကိုသာ အေးကိုတကယ်ချစ်ရင် စောင့်နိုင်ရမှာပေါ့"

"အင်း...ကိုယ်ကသိပ်ချစ်ရတဲ့သူဆိုတော့လဲ စောင့်ရမှာပေါ့အေးရယ်။ ပြီးတော့ အေးကိုကျေးဇူးတင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်တဲ့အေးနဲ့တွေ့ဆုံခွင့်ရတာ အစ်ကိုကံကောင်းတယ်သိလား။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲအစ်ကို"

အေးအေးသက်က ရိုးသားစွာမေး၏။

"အစ်ကိုတစ်သက်လုံးလဲ ကံကောင်းချင်တယ်"

အေးအေးသက်မျက်နှာကလေးကို မြတ်နိုးစွာငေးကြည့်ရင်း ပြောလိုက်မိသည်။

"အို...အစ်ကိုကလဲ"

အေးအေးသက်၏ ရက်ပြုံးကလေးဖြင့် ပြုံးပြသည့် ဟန်အမူအရာလေးက ယခုထိတိုင် ကျွန်တော့်မျက်ဝန်းထဲ ရှန်းမထွက်နိုင်စွာ ရှိနေပါသည်။ အေးအေးသက်အကြောင်းပြောရင်း ကျွန်တော် ကျေနပ်အားရစွာပြုံးလိုက်မိသည်။ အေးအေးသက်နှင့်အတူ တစ်သက်တာလက်တွဲသွားမည့် ဘဝရှေ့ရေးကို ကြိုတွေးပြီး ကျွန်တော့်ရင်ထဲ ပျော်ရွှင်ကြည်နူးနေမိပါတော့သည်။

---

## စွမ်းရည်မြင့်မား အလုပ်သမားများ

\- ကျရာဝန် ကိုယ်စီထမ်းလို့
အစွမ်းပြ လုပ်ငန်းခွင်၊
ရိုးသားစွာ နိုးကြားလျက်
ကြိုးစားပျော်ရွှင်၊
တိုးတက်ဖို့ လမ်းစထွင်
တွေးမြော်မြင် အလုပ်သမား၊
အလုပ်တာဝန် နေ့စဉ်မပျက်
သွက်လက်ခွန်အား။

\- အရည်အချင်း ကိုယ်စီရှိ
ဆောင်ရွက်သည့် ကဏ္ဍစုံ၊
ဝါသနာ အနစ်နာထပ်
ပေးဆပ်ဖုံဖုံ၊
အခက်ခဲ အမျိုးမျိုးကြုံ
စိတ်မဖြုံ နောက်မဆုတ်၊
ပစ္စည်းဥစ္စာ တိုးပွားဖို့
ကြိုးစားကာလုပ်။

\- စွမ်းရည်မြင့်မား အလုပ်သမား
တန်ဖိုးထား ဆက်ဆံကာ၊
တိုင်းပြည်တွက် မရှိမဖြစ်
မိတ်ဆွေစစ်ပါ၊
ကြိုးပမ်းကြ ညီညာစွာ
ပြည်မြန်မာ အလှလွှမ်း၊
ပေါင်းစည်းကာ အတူနွဲလို့
အောင်ပွဲသို့လှမ်း။ ။

အဝေရာကိုကို

---

# ကြို့ပင်ကောက်မြို့နယ် ဂုမ္ဘကွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုမ္ဘကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဂုမ္ဘကွင်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဂုမ္ဘကွင်းကျေးရွာ၌ အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၀၄ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

# မြန်မာ့ပညာရေးလောကတွင်ထင်ရှားသော ဆရာကြီးပါမောက္ခဒေါက်တာညီညီ

အောင်ကြည်ညွန့်(တက္ကသိုလ်)



ဆရာကြီးပါမောက္ခဒေါက်တာညီညီ

မြန်မာ့ပညာရေးလောကတွင် ဆရာကြီး ဒေါက်တာညီညီကို မသိသူမရှိဖြစ်ပေလိမ့်မည်။ ဆရာကြီးသည် ဘူမိဗေဒဘာသာရပ်ကို သင်ကြားပို့ချခဲ့သူများထဲတွင် ပါဝင်သည်။ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနတွင် အသက်အရွယ်ငယ်ငယ်နှင့် ပါမောက္ခဖြစ်သူဖြစ်သည်။

မြန်မာနိုင်ငံ၏အောင်မြင်ကျော်ကြားဆုံးသော စာမတတ်သူပပျောက်ရေး (အသုံးလုံးလုပ်ငန်းပရောဂျက်)ကြီးကို ဦးဆောင်ခဲ့သူလည်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာန အတွင်းဝင်ဘဝတွင်ပင် စာမတတ်သူပပျောက်ရေးကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်လာသောအခါတွင်လည်း ဤဥက္ကဋ္ဌရာထူးကိုပင် ဆက်လက်တာဝန်ယူကာ အသုံးလုံးလှုပ်ရှားမှုကြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

၁၉၆၄ ခုနှစ်တွင် စတင်ခဲ့သော စနစ်သစ်ပညာရေး၏ ပုံကိုင်ရှင်ဆိုလျှင်လည်း မမှားနိုင်ပါ။ လူရည်ချွန်စီမံကိန်း စသောစီမံကိန်းကြီးများကိုလည်း ဦးဆောင်ဦးရွက်၊ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆရာကြီးဒေါက်တာညီညီသည် မြောင်းမြဇာတိဖြစ်ပါသည်။ ဖခင်မှာ အရေးပိုင်ရုံးစာရေးကြီး ဦးကြင်ဖြစ်ပြီး မိခင်ဖြစ်သူမှာ ဒေါ်ညွန့်ရီဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလဖွားဖြစ်သည်။ မွေးချင်းဆယ်ယောက်အနက် ဒုတိယသားဖြစ်သည်။

ငယ်စဉ်အခါကမြောင်းမြမြို့တွင် ပညာသင်ကြားခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ရှစ်တန်းအရောက် အထက်တန်းစာမေးပွဲကို တက်ရောက်ဖြေဆိုရာ သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်သင်ယူရာ ၁၉၅၁ ခုနှစ်တွင် ဘူမိဗေဒသိပ္ပံဂုဏ်ထူးဘွဲ့ကို ပထမအဆင့်မှ အောင်မြင်သည်။

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ အင်ပီရီယယ်ကောလိပ်တွင် ဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများ တက်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ဘူမိဗေဒဘာသာရပ်ဖြင့် လန်ဒန်တက္ကသိုလ်မှ Ph.D.ဘွဲ့နှင့် အင်ပီရီယယ်ကောလိပ်မှ D.I.C.ဘွဲ့များရခဲ့ပါသည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနတွင် ကထိကအဖြစ် စတင်အမှုထမ်းပါသည်။ ၁၉၆၁ ခုနှစ်တွင် ပါမောက္ခဖြစ်လာသည်။ ပါမောက္ခဖြစ်စဉ်က ဆရာ့အသက်မှာ ၃၁ နှစ်သာရှိပါသေးသည်။ အသက်အငယ်ဆုံးသော ပါမောက္ခဟူ၍ပင် ဆိုနိုင်ပါသည်။

၁၉၆၅ ခုနှစ် တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၏ ညွှန်ကြားရေးမှူး (ယခုအခေါ်နှင့်ဆိုလျှင် အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)ခန့်ထားခြင်းခံရပြီး ပညာရေးဝန်ကြီးဌာန၏ တွဲဖက်အတွင်းဝန်အဖြစ်ပါ တာဝန်ထမ်းဆောင်ရပါသည်။ ၁၉၆၆ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အတွင်းဝန်အဖြစ် ရာထူးတိုးမြှင့်ခံရပါသည်။ ဆရာသည် တက္ကသိုလ်ပညာ၊ အခြေခံပညာ၊ စက်မှုလက်မှုပညာ၊ နိုင်ငံခြားပညာသင်ကြားရေး၊ နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းများ တာဝန်ယူရသည်။

၁၉၇၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ ၁၉၇၄ ခုနှစ် သတ္တုတွင်းဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပါသည်။ ဆရာကြီးသည် သတ္တုတွင်းဝန်ကြီးဘဝတွင် ကမ်းလွန်ရေနံတွင်းနှင့် သဘာဝဓာတ်ငွေ့သိုက်များကို ဖော်ထုတ်ပေးနိုင်ခဲ့သည်ဟုဆိုပါသည်။

ဝန်ကြီးအဖြစ် လေးနှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၇၅ ခုနှစ်တွင် နိုင်ငံတော်ကဆရာကြီးကို ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ နိုင်ငံနှစ်ခု၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထား တာဝန်ပေးအပ်ခြင်းကို ခံခဲ့ရသည်။

ဆရာကြီးဒေါက်တာညီညီသည် အသက် ၄၈ နှစ် ၁၉၇၈ ခုနှစ်တွင် အစိုးရဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီး မကြာခင်မှာပင် ဆရာကြီးသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့တွင် ခေါ်ယူခန့်အပ်ခြင်းခံရပါသည်။ ဆရာကြီး၏ လုပ်ရည်ကိုင်ရည်စွမ်းဆောင်ချက်များနှင့် အသက်အရွယ်ငယ်ရွယ်မှု၊ ပညာရည်ထူးချွန်မှုတို့ကြောင့် လုပ်သက်နှစ်နှစ်ပြည့်သောအခါ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တွင် ညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

တစ်ကမ္ဘာလုံးရှိ ကလေးသူငယ်များ၊ မိခင်အမျိုးသမီးများ၊ အမျိုးသမီးများတို့၏ ကျန်းမာရေး၊ ပညာရေး၊ အာဟာရဖွံ့ဖြိုးရေးတို့အပြင် ရေရရှိရေးအစရှိသော အစီအစဉ်အားလုံးကို စီမံကွပ်ကဲရသည်။

တစ်ကမ္ဘာလုံးရှိကလေးများကို ကြက်ညှာ မေးခိုင်၊ ဆုံဆို့နာကာကွယ်ဆေးများထိုးပေးရာတွင် ငွေကုန်ကြေးကျသက်သာစေရန် လူထုအခြေပြုလုပ်အားပေးစနစ်ကို ကျင့်သုံးနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ အသုံးလုံးစီမံကိန်း(အခမဲ့လုပ်အားပေးများ)ကို လုပ်ဆောင်ခဲ့သည့် ကျေးဇူးဟုဆိုရပါသည်။

၁၉၉၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့အနီးရှိ စီးယက်တယ်မြို့လေးတွင် အခြေချနေထိုင်ပါသည်။ အငြိမ်းစားယူသောအချိန်တွင် ဆရာကြီး၏အသက်မှာ ၆၅ နှစ်ရှိနေပြီဖြစ်သည်။ သက်ပြည့်အငြိမ်းစားဆိုလျှင် နှစ် ၆၀ မှာ အငြိမ်းစားယူရသည်မှန်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ဆရာကြီးဒေါက်တာညီညီကို ၆၅ နှစ်ထိ ၅ နှစ် ထပ်တိုး ခန့်အပ်တာဝန်ပေးခြင်းဖြစ်ပါသည်။

အသက် ၆၅ နှစ်ရှိပြီဖြစ်သော ဆရာကြီးဒေါက်တာညီညီသည် ကျန်းမာရေးကောင်းပြီး လုပ်နိုင်၊ ကိုင်နိုင်၊ ပြောနိုင်၊ စဉ်းစားနိုင်ပါသေးသည်။ ထို့ကြောင့် ဆရာကြီးဒေါက်တာညီညီသည် Tulane တက္ကသိုလ် ဆေးပညာမဟာဌာနတွင် ပြည်သူ့ကျန်းမာရေးဌာန ပါမောက္ခအဖြစ် လျှောက်ထားရာ ခန့်ထားခြင်းခံရပါသည်။ ဆရာကြီးသည် အဆိုပါ တက္ကသိုလ်တွင် ပါမောက္ခအဖြစ် ၆ နှစ် တာဝန်ထမ်းခဲ့ပါသည်။

ဆရာကြီးအသက် ၇၁ နှစ်တွင် လုံးဝအငြိမ်းစားယူခဲ့ပါတော့သည်။ အငြိမ်းစားယူပြီးသည့်နှစ်မှစ၍ မြန်မာနိုင်ငံသို့နှစ်စဉ် ဆောင်းခိုသောအစီအစဉ်ဖြင့် လာရောက်နေထိုင်ပြီး ယခင်ကလုပ်ဖော်ကိုင်ဖက် ပညာရေးဌာနမှ မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံလေ့ရှိပါသည်။

ဆရာကြီးဒေါက်တာညီညီသည် မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲရေး(စနစ်သစ်ပညာရေး) ကို ဆောင်ရွက်ရာတွင် ခေါင်းဆောင်ကောင်းပီသစွာ ရှေ့ဆောင်လမ်းပြပြုလုပ်နိုင်ခဲ့ပါသည်။

စနစ်သစ်ပညာရေးတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ပေါ်ထွန်းလာခဲ့ပါသည်။ အခြေခံပညာကဏ္ဍ၊ စက်မှု၊ စိုက်ပျိုးသက်မွေးကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့ပါသည်။

**❖ဆရာကြီးဒေါက်တာညီညီသည် မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲရေး(စနစ်သစ်ပညာရေး)ကို ဆောင်ရွက်ရာတွင် ခေါင်းဆောင်ကောင်းပီသစွာ ရှေ့ဆောင်လမ်းပြပြုလုပ်နိုင်ခဲ့ပါသည်။ စနစ်သစ်ပညာရေးတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ပေါ်ထွန်းလာခဲ့ပါသည်။ အခြေခံပညာကဏ္ဍ၊ စက်မှု၊ စိုက်ပျိုးသက်မွေးကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့ပါသည်။❖**

ဆရာကြီး ဒေါက်တာညီညီလက်ထက်တွင် တက္ကသိုလ်များသုတေသနအတွက် တက္ကသိုလ်ပညာပဒေသာစာစောင်၊ အခြေခံပညာကဏ္ဍအတွက် ပညာလောကစာစောင်တို့ကို ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

ပညာလောကစာစောင်ကို ၃ လတစ်ကြိမ်၊ တစ်နှစ်လေးအုပ်ထုတ်ဝေသည်။ ဆရာကြီးဒေါက်တာညီညီသည် ပညာလောကစာစောင်ထုတ်သည့် ၁၉၇၀ ပြည့်နှစ်မှ စာစောင်ရပ်ဆိုင်းသွားသည်ထိ ပညာလောကစာစောင်၊ အုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ လိုအပ်ချက်မှန်သမျှ လမ်းညွှန်နိုင်ခဲ့ပါသည်။

တက္ကသိုလ်ပညာပဒေသာ စာစောင်ကိုလည်း တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ စာအုပ်များစဉ်ဆက်မပြတ် ထုတ်ဝေနိုင်ခဲ့ပြီး တက္ကသိုလ်များအတွက် သုတေသနစာစဉ် အများစုဖြစ်သဖြင့် အလွန်တန်ဖိုးရှိသော စာအုပ်များဖြစ်ခဲ့ပါသည်။

ဆရာကြီးဒေါက်တာညီညီသည် ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများစွာကို ရေးသားခဲ့သူဖြစ်သည်။ ဆရာကြီးဒေါက်တာညီညီသည် တက္ကသိုလ်ဆရာဘဝတွင် မြန်မာနိုင်ငံသုတေသနအသင်း၏ အတွင်းရေးမှူးနှင့် တက္ကသိုလ်ဆရာအသင်း အတွင်းရေးမှူးဖြစ်သည်။

မိမိသည် အငြိမ်းစားယူပြီးနောက် ၂၀၀၆ ခုနှစ်လောက်က ဆရာကြီးရန်ကုန်သို့လာစဉ် ဆရာကြီး အတ္ထုပ္ပတ္တိရေးရန် ခွင့်တောင်းခဲ့ရာ ဆရာကြီးက သဘောတူပါသည်။ ပညာရေးသုတေသနအဖွဲ့၊ ရုပ်မြင်သံကြားဌာနမှလည်း ကျွန်တော်၏မေးမြန်းချက်များကို ဆရာကြီးပြန်လည်ဖြေကြားပုံနှင့် ဆရာကြီး အင်တာဗျူးအစီအစဉ်များကို ရုပ်မြင်ရိုက်ကူးပါသည်။ စနေနှင့် တနင်္ဂနွေလေးပတ်ခန့်မျှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သို့သော် ကံအကြောင်းမလှသဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတွင် မိမိတို့ရုံးအမိုးလန့်ပြိုကျမှုကြောင့် မိမိမှတ်တမ်းစာရွက်စာတမ်းများနှင့် ဗီဒီယိုတိပ်များ ပျက်စီးသွားခဲ့ရပါသည်။ သို့အတွက် ဆရာကြီးဒေါက်တာညီညီ အတ္ထုပ္ပတ္တိစာအုပ်နှင့် ဗီဒီယိုအခွေ ထွက်မလာခြင်းဖြစ်ပါသည်။ အလွန်ဝမ်းနည်းစရာကောင်း လှပါသည်။

ဆရာကြီးဒေါက်တာညီညီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အသက် ၉၃ နှစ်အရွယ်တွင် အမေရိကန်နိုင်ငံ၌ ကွယ်လွန်ခဲ့ပါသည်။ မြန်မာနိုင်ငံပညာရေး၏ အဖိုးထိုက်တန်လှသော ပုဂ္ဂိုလ်ကြီးကို ဤဆောင်းပါးဖြင့် ဂါရဝပြုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကလေးခရိုင်တွင် ပဲပုပ်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၂၇ တင်း ထွက်ရှိ



ကလေး ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ပဲပုပ်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၂၇ တင်း ထွက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၃၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၂၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၁၁၃၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ အခုလက်ရှိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲပုပ်စိုက်တောင်သူများအနေဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် ဖအိုင်းအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖအိုင်းအရှေ့ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ဖအိုင်းအရှေ့ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်စဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖအိုင်းအရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။ ချိုလေး

# ဟသ်္သာတမြို့နယ်မှ ဒေသထွက် စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

ဟသ်္သာတ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်္သာတမြို့နယ်မှ သရက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်္သာတမြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ ဈေးကွက်တွင် ယခုနှစ် ဧပြီလပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါသရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုအားကောင်းနေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန် ဖြစ်တာကြောင့် ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကနေတင်ပို့တဲ့ စိန်တလုံးသရက်သီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် သရက်သီးတွေ ဝယ်ယူအား ကောင်းလာတော့ သရက်စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမို အဆင်ပြေလာပါတယ်"ဟု ဟသ်္သာတမြို့နယ်မှ သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်္သာတမြို့နယ်တွင် လက်ရှိ စိန်တလုံးသရက်သီးများ အပါအဝင် ဒေသထွက်သရက်သီးများ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်သရက်သီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာခြင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း၊ ကုန်စည်များ သယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်ခြင်းစသည့် အကျိုးကျေးဇူးရှိနေကြောင်း သိရသည်။ ကျော်ကျော်လင်း

# သဲကုန်းမြို့နယ် ဖန်ခါးပင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သဲကုန်း ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဖန်ခါးပင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ဖန်ခါးပင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖန်ခါးပင်ကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၅၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၀၄ သန်းဖြင့် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ အေးမြတ်

# ဘားအံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ ဇွန် ၂၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဇင်ပြိုးကျေးရွာနှင့် ကျွန်းတပင် ကျေးရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ဇင်ပြိုးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ဇင်ပြိုးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် ၄၀.၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ကိုသက်

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ပြည်နယ်အာဏာပိုင်များအမိန့်ထုတ်ပြန်



**ဆိုးလ် ဧပြီ ၂၉**

တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့တွင် ဧပြီ ၂၈ ရက်က လောင်ကျွမ်းခဲ့သော တောမီးကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ပြည်နယ်အာဏာပိုင်များ အမိန့်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့တွင် အပူချိန်လွန်ကဲချိန် လေပြင်းတိုက်ခတ်မှုကြောင့် တောမီးလောင်ကျွမ်းခဲ့ပြီး အဆိုပါဒေသတွင် နေထိုင်သူလူဦးရေ ၁၂၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း၊ တောမီးသည် ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အပူချိန်မြင့်တက်ကာ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးလောင်ကျွမ်းပြီး နှစ်နာရီအတွင်း ခန့်မှန်းခြေ သစ်တောဧရိယာ ဟက်တာ ၅၀ ခန့်ပျက်စီးခဲ့ကြောင်း ကိုရီးယားနိုင်ငံ သစ်တောထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုးလ်မြို့၏ အရှေ့တောင်ဘက် ၂၃၃ ကီလိုမီတာခန့်အကွာ ဒယ်ဂူမြို့တစ်ဝိုက် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာများစွာပျက်စီးခဲ့ပြီး ဆုံးရှုံးခဲ့သည့် ဟတ်တာပေါင်းကို တွက်ချက်နေဆဲဖြစ်ပြီး လူအသေအပျောက် သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှု ငြိမ်းထန်သည့်အတွက် မီးငြိမ်းသတ်ရန် ရဟတ်ယာဉ် ၂၆ စင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၂ ဦးတို့ကို အဆိုပါနေရာသို့ ဖြန့်ကြက်ချထားပြီး ဒယ်ဂူမြို့ အဝေးပြေးလမ်းမကြီး၏ အချို့အစိတ်အပိုင်းများကို ပိတ်ထားကြောင်း ကိုရီးယားနိုင်ငံ သစ်တောထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် မိုးသက်လေပြင်းကျရောက် ရေကြီးရေလျှံမှု သတိပေးချက်ထုတ်ပြန်ထား

**ဝါရှင်တန် ဧပြီ ၂၉**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းပြည်နယ်များတွင် ဧပြီ ၂၈ ရက်က မိုးသက်လေပြင်း ကျရောက်ခဲ့ပြီး နေရာတချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း အမေရိကန်အမျိုးသား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



အီလီနွိုက်ပြည်နယ်တွင် မိုးသက်လေပြင်း အဓိက ကျရောက်ခဲ့ပြီး မြို့တော်ချီကာဂိုတွင် မိုးသက်လေပြင်းကျရောက်မှု အပြင်းထန်ဆုံးဖြစ်ကြောင်း၊ ချီကာဂိုမြို့ကို ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်မှုနှင့်ပတ်သက်ပြီး အန္တရာယ်အဆင့် (၂)အဖြစ် သတ်မှတ်ထားကြောင်း၊ မိုးသက်လေပြင်းသည် ဧပြီ ၂၈ ရက် ညအချိန်က အဓိကတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မိုးသက်လေပြင်း အန္တရာယ်အဆင့် သတ်မှတ်ချက်အဆင့် ငါးဆင့်ရှိရာတွင် ချီကာဂိုမြို့၌ ကျရောက်ခဲ့သော မိုးသက်လေပြင်း အန္တရာယ်အဆင့်ကို အဆင့် (၄) အဖြစ် သတ်မှတ်ထားကြောင်း အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းလောက်ကနေ စတင်ပြီးတော့ ညအချိန်ထိ မိုးသက်လေပြင်း ကျရောက်ခဲ့ပါတယ်။ မိုးသက်လေပြင်းဟာ အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့မှာ ဆိုးရွားစွာကျရောက်ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပါတယ်။ ခန့်မှန်းတိုင်းတာချက်တွေအရ လေဆင်နှာမောင်း ဝင်ရောက်လာနိုင်ပြီး ကြီးမားတဲ့မိုးသီးတွေလဲ ကျဆင်းခဲ့ပါတယ်။ လေတိုက်နှုန်းမြင့်မားပြီး အခြေခံ အဆောက်အအုံတချို့ ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ မိုးသက်လေပြင်း ကျရောက်တဲ့နေရာအလိုက် အန္တရာယ်အဆင့်တွေကိုလဲ သတ်မှတ်ထုတ်ပြန်ထားပါတယ်"ဟု အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မော်ရီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နယူးဇီလန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးလာမှုကြောင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ကျဆင်းလာ

**ဝယ်လင်တန် ဧပြီ ၂၉**

နယူးဇီလန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကြောင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ အခက်တွေ့လာပြီး နို့ထွက်ပစ္စည်းထုတ်လုပ်မှုလည်း သိသိသာသာကျဆင်းလာကြောင်း Federated Farmers Sharefarm ၏ ဥက္ကဋ္ဌ ဘရန်ဒန်က နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ၏ ဧရိယာတချို့တွင် မိုးရွာသွန်းမှုများရှိနေသော်လည်း တာရာနာကီနယ်မြေနှင့် ဝေကာတိုနယ်မြေအပါအဝင် နေရာတချို့တွင် မိုးခေါင်သည့်ပြဿနာကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခက်တွေ့နေပြီး ပျက်စီးသွားသည့် စိုက်ခင်းဧရိယာ များပြားနေကြောင်း၊ မိုးခေါင်မှုကြောင့် မတ်လလယ်ပိုင်းမှစတင်၍ မွေးမြူရေးလုပ်ငန်းများအတွက် စားကျက်များရှားပါးလာခဲ့ပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများအနေဖြင့် အစာရေစာရှားပါးလာမှုကြောင့် နို့စားနွားများမှာ နို့ပေးမှုကျဆင်းလာခဲ့ကာ နို့ထွက်ပစ္စည်းထုတ်ကုန် လုပ်ငန်းများ လည်ပတ်ရန် ခက်ခဲလာခြင်းဖြစ်ကြောင်း သိရသည်။

"မိုးခေါင်တဲ့ ပြဿနာကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ တော်တော်အခက်တွေ့နေပါတယ်။ မိုးခေါင်တဲ့အတွက် မွေးမြူရေးလုပ်ငန်းတွေမှာ သောက်သုံးရေရှားပါးလာခဲ့သလို စားကျက်တွေလဲရှားပါးလာတယ်။ အစာရေစာရှားပါးလာမှုကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းတွေမှာ နို့စားနွားတွေ နို့ပေးမှုနှုန်း ကျဆင်းလာတယ်။ လုံလောက်တဲ့နို့ပမာဏ မရတဲ့အတွက် နို့ထွက်ပစ္စည်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်မှု ကျဆင်းလာတယ်"ဟု Federated Farmers Sharefarm ၏ ဥက္ကဋ္ဌ ဘရန်ဒန်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ရာဂျ်ကော့တ်မြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပွား

**နယူးဒေလီ ဧပြီ ၂၉**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ရာဂျ်ကော့တ်မြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး ရာဂျ်ကော့တ်မြို့ သမိုင်းတစ်လျှောက် အမြင့်ဆုံး အပူချိန်ပမာဏသို့ ရောက်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာဂျ်ကော့တ်မြို့တွင် အပူချိန်ပမာဏမှာ ၄၆ ဒသမ ၂ စင်တီဂရိတ်ထိ မြင့်တက်နေပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူချိန်မြင့်တက်မှုသည် ကာလတစ်ခုထိ ကြာမြင့်နိုင်ပြီး လာမည့်ရက်သတ္တပတ်ကာလပတ်လုံး အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာနိုင်ကြောင်း၊ လာမည့် ငါးရက်အတွင်း အပူချိန်မြင့်တက်မှုအခြေအနေ ပြောင်းလဲမှုမရှိနိုင်ဘဲ မြင့်တက်နေသည့် အပူချိန်ပမာဏအတိုင်း ဆက်လက်မြင့်တက်သွားဖွယ် ရှိနေကြောင်း IMD က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ရာဂျ်ကော့တ်မြို့မှာ အပူချိန်စံချိန်တင်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုပမာဏက ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ငါးဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်ပမာဏကတော့ ၄၆ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေတယ်။ မြင့်တက်နေတဲ့ အပူချိန်ပမာဏအတိုင်း အပြောင်းအလဲတော့မရှိနိုင်ဘူး။ လာမဲ့ ငါးရက်လောက်ထိတော့ အပူချိန်တွေ ဆက်လက်မြင့်တက်သွားမှာပါ။ အပူချိန်မြင့်တက်မှုဟာ ဧပြီ ၂၈ ရက်ကနေ မေ ၁ ရက်ထိ ရောက်ရှိသွားနိုင်တယ်။ ဒီကာလအတွင်းမှာတော့ အပူချိန်ပမာဏဟာ လက်ရှိပမာဏအတိုင်း ဆက်လက်မြင့်တက်သွားမှာပါ။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အတွက် အပူချိန်မြင့်တက်နေတဲ့ကာလအတွင်း အထူးသတိပြုသင့်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်ထိန်းသိမ်းရေးအဖွဲ့၏ ကြိုးပမ်းမှုကြောင့် ပျံလွှားငှက်ကြီးများ ကောင်ရေတိုးလာ

**လန်ဒန် ဧပြီ ၂၉**

အင်္ဂလန်နိုင်ငံ တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်ထိန်းသိမ်းရေးအဖွဲ့ဖြစ်သော Suffolk Bird Group အဖွဲ့၏ကြိုးပမ်းမှုကြောင့် ပျံလွှားငှက်ကြီးများ ကောင်ရေတိုးလာကြောင်း ယနေ့သတင်းများအရ သိရသည်။

Suffolk Bird Group ၏ အဆိုအရ ပျံလွှားငှက်ကြီးများသည် ပုံမှန်ပျံလွှားငှက်များနှင့် ဆင်တူသော်လည်း အရောင်အသွေး၊ အရွယ်အစားမှာ ကွဲပြားကြောင်း၊ ယခုအခါ အဆိုပါငှက်များသည် မျိုးသုဉ်းလုနီးပါးငှက်များ စာရင်းဝင်လာကြောင်း၊ ထို့ကြောင့် အဆိုပါငှက်မျိုးစိတ်များကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပြီး ကောင်ရေတိုးလာစေရေး မျိုးပွားရန် အသိုက်များကို စီမံကိန်းဖြင့် ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံ တစ်ဝန်းတွင် ငှင်ငှက်များသည် နှစ်ပေါင်း ၃၀ အတွင်း ကျဆင်းလာကြောင်း၊ ထိုသို့ကောင်ရေကျဆင်းလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီဥတုဖောက်ပြန်မှု၊ အစားအစာ ရှားပါးမှု၊ နေထိုင်ရာအသိုက်များ ဆုံးရှုံးမှုများကြောင့် ဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ငှင်ငှက်ကောင်ရေ ၁၂၅၀၀ မှ ၂၀၁၆ ခုနှစ်တွင် ကောင်ရေ ၅၉၀၀၀ ကျော်သာ ရှိတော့သည့်အတွက် ကောင်ရေထက်ဝက်ခန့် ကျဆင်းသွားခဲ့ကြောင်း Suffolk Bird Group အဖွဲ့မှ အစ်ဒီဘတ်သ်ဂိုတ်က ပြောကြားခဲ့သည်။

ပျံလွှားကြီးများသည် တစ်နာရီလျှင် ၁၁၁ ကီလိုမီတာနှုန်းနှင့် ပျံသန်းနိုင်သော ငှက်များဖြစ်ကြောင်း၊ Suffolk Bird Group ၏ ငှင်ငှက်တို့အတွက် အသိုက်များပြုလုပ်ပေးခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ၂၇၉ ကောင်ထိ တိုးလာကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အလုပ်သမားများ၏ ကျွမ်းကျင်မှုနှင့် အခွင့်အရေး တိုးမြှင့်ပေး

ညွှန့်ဝင်း(နတ်တလင်း)

ယနေ့ကမ္ဘာကြီးတွင် စားဝတ်နေရေးဟူသော အခြေခံလူမှုစီးပွားဘဝပြည့်စုံရေးနှင့် လူမှုဘဝအစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းဆောင်ပေးနေသူများမှာ အလုပ်သမားများပင်ဖြစ်သည်။ အလုပ်သမားများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနယ်ပယ်တိုင်းတွင် ဦးဆောင်မှုပေးနေသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ ဤသို့သော အဖိုးတန်လူ့စွမ်းအားအရင်းအမြစ် အလုပ်သမားများ၏ လူမှုဘဝဖူလုံတိုးတက်ရေးသည် ဦးစားပေးဆောင်ရွက်ကြရမည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။

တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ် အလုပ်သမားများ၏ဘဝ ရေရှည်တည်တံ့ကောင်းမွန်ရေး၊ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးပေးနိုင်ရေးတို့သည် ဆောင်ရွက်ပေးရမည့် အရေးကြီးလိုအပ်ချက်များဖြစ်သည်။ အလုပ်သမားအများစုသည် လုပ်ခလစာကို အမှီပြုနေကြရသည်။ ထိုလုပ်ခလစာများဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် အခက်အခဲများ ရင်ဆိုင်လာရသောအခါ လုပ်ခလစာ တိုးမြှင့်ရရှိရေး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးအတွက် တောင်းဆိုလာကြသည်။ အနည်းဆုံးအခကြေးငွေဆိုသည်မှာ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းပေးနိုင်လောက်သည့် အနိမ့်ဆုံးလုပ်ခကို ဆိုလိုသည်။ အနည်းဆုံးအခကြေးငွေသည်လည်း ပုံမှန်အလုပ်ချိန်ပေါ်တွင် မူတည်သတ်မှတ်ထားသော နှုန်းထားဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုအားထားကြရသည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ယင်းလူတန်းစားနှစ်ရပ်အကြား အချင်းချင်း အပြန်အလှန်ကိုယ်ချင်းစာနာစိတ်ဖြင့် လုပ်ခလစာနှင့် လုပ်ငန်းခွင်ကိစ္စကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးအသွင်ဆောင်သော ဆက်ဆံရေးကိုတည်ဆောက်ကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍအစုံစုံတွင် လုပ်ငန်းကျွမ်းကျင်သော အလုပ်သမားများ အလွန်လိုအပ်ပါသည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် လိုအပ်လာသည်။ ထိုလိုအပ်ချက်ကို မဖြည့်တင်းပေးနိုင်ပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်သမား လိုအပ်ချက်ပြည့်မီရေးနှင့် ရွှေ့ပြောင်းအလုပ်သမားလိုအပ်ချက်မှာ ပိုမိုတိုးပွားလာပေမည်။ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်လုံး ဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်များရရှိအောင် အလေးထားဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်မှန်ကန်သော အရွေ့တစ်ခုကို ရရှိမည်ဖြစ်သည်။ ကမ္ဘာကြီးတွင် ခေတ်မီစက်မှုနည်းပညာများ မထင်မှတ်လောက်အောင် ထွန်းကားလာသော်လည်း ထိုစက်ကိရိယာများကိုအသုံးချရန် အသိဉာဏ်ရှိသော အလုပ်သမားလူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေဆဲဖြစ်သည်။ နည်းပညာတိုးတက်မှုများကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာအဖြစ် ပြောင်းလဲလာသည့်နည်းတူ ကျွမ်းကျင်သောအလုပ်သမားများ၏ စက်ကို ထိန်းချုပ်ခိုင်းစေနိုင်မှု စွမ်းပကားသည်လည်း လိုအပ်နေဦးမည်ဖြစ်သည်။

သို့ဖြစ်၍ တန်ဖိုးရှိလှသော အလုပ်သမားလူ့စွမ်းအားအရင်းအမြစ် ရေရှည်တည်တံ့ရေးနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးကြရာတွင် လုပ်ငန်းခွင်တွင် ပုံမှန်အလုပ်လုပ်ခွင့်ရှိသည့် အသက်အရွယ်ကို ဂရုပြုဆောင်ရွက်စေရမည်။ ဆိုလိုသည်မှာ ဥပဒေအရ သတ်မှတ်ထားသော အသက်ပြည့်မီသူကိုသာ အလုပ်ခွင်သို့ ဝင်ရောက်ခွင့်ပြုရန်နှင့် သတ်မှတ်ထားသော အသက်အောက် ရောက်ရှိနေသော ငယ်ရွယ်သူများကို အလုပ်လုပ်ခွင့်မပေးရန်ဖြစ်သည်။ ထိုအချက်သည် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ဖန်တီးရေးအတွက် လိုအပ်ချက်များတွင် စည်းကမ်းတကျလိုက်နာရမည့် ပဏာမလိုအပ်ချက်ဖြစ်ပေသည်။ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်ဖြစ်နိုင်သော အခြေအနေများပေါ်ပေါက်နိုင်မှုကိုလေ့လာကြည့်လျှင် လူငယ်အချို့သည် မိသားစုစားဝတ်နေရေးလိုအပ်ချက်ကြောင့် အသက်အရွယ်နှင့်မလိုက်ဖက်သော အလုပ်များ လုပ်ကိုင်ရခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်သော လုပ်ငန်းခွင်ဆိုင်ရာ အသိပညာဗဟုသုတအားနည်းခြင်း၊ လုပ်ငန်းခွင်အတွင်း ရပိုင်ခွင့်အခွင့်အရေးများနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများ မရှိခြင်းတို့ကြောင့် လုပ်အားခေါင်းပုံဖြတ်ခံရမှု ဖြစ်နိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပေသည်။ ထို့ပြင် အလုပ်သမားလူငယ်များ၏ စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပေသည်။

ထို့ကြောင့် လုပ်ငန်းခွင်အတွင်းတွင် အလုပ်သမားများ ထိခိုက်ဒဏ်ရာကြောင့် မသန်မစွမ်းဖြစ်ခြင်း၊ ရောဂါခံစားရမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ခြင်း၊ အလုပ်သမားများ အချိန်မတိုင်မီ သေဆုံးခြင်းများ ကင်းဝေးအောင် စီမံဆောင်ရွက်ပေးရပါမည်။ အလုပ်သမားတို့၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ရပိုင်ခွင့်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ လိုက်နာစေခြင်းတို့ ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်အတွင်း မတော်တဆမှုများနှင့် ရောဂါဖြစ်ပွားမှုများ လျှော့ချရေးအတွက် အလုပ်ရှင်ရော အလုပ်သမားပါ မှန်ကန်သော အသိအမြင်အတွေးအခေါ်နှင့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ ထိုသို့ လေးစားလိုက်နာနိုင်အောင် အလုပ်ရှင်၊ အလုပ်မန်နေဂျာ၊ အလုပ်သမားများ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ မြှင့်တင်နိုင်ရေးလုပ်ငန်းဆွေးနွေးပွဲများကို အခါအားလျော်စွာ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

**❖ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံသားများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်များ တိုးမြှင့်ရရှိရေးအတွက် အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်ထုတ်လုပ်မှုတွင် အဓိက မောင်းနှင်အားဖြစ်သည့် အလုပ်သမားများကို လိုအပ်သလို အလုပ်ခန့်အပ်ပေးနိုင်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မှု၊ အလုပ်သမားများလုပ်ငန်းကျွမ်းကျင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုများပြုလုပ်ပေးနိုင်အောင်ဆောင်ရွက်ပေးလျက်ရှိသည်။❖**

မိမိနေထိုင်ရာအရပ်မှ အခြားအရပ်သို့ သွားရောက်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများတွင် တရားဝင်လမ်းကြောင်းနှင့် တရားမဝင်လမ်းကြောင်းတို့မှ အသီးသီး သွားရောက်လုပ်ကိုင်နေသူများရှိကြသည်။ ဤတွင် တရားဝင်လမ်းကြောင်းမှသာ သွားရောက်လုပ်ကိုင်နိုင်ရေး သတင်းအချက်အလက်နှင့် အသိပညာများ ကျယ်ပြန့်စွာသိရှိရန် လိုအပ်သည်။ အချို့အလုပ်သမားများသည် မသိနားမလည်မှုကြောင့် တရားမဝင် အလုပ်သမားစေလွှတ်ရေးအေဂျင်စီများနှင့် အလုပ်ပွဲစားများကို ဆက်သွယ်လုပ်ကိုင်ကြသဖြင့် အလိမ်ခံရမှုများရှိသည်။ ထို့ကြောင့် အလုပ်သမားစေလွှတ်ရေး အေဂျင်စီများကလည်း အလုပ်သမားစုဆောင်းမှုအစီအစဉ်တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ခေါင်းပုံဖြတ်မှုကင်းဝေးခြင်း၊ ကုန်ကျစရိတ် အနည်းဆုံးဖြစ်ခြင်း စသည်ဖြင့် တရားမျှတမှုရှိသည့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်သမားဥပဒေပါအတိုင်း ခံစားခွင့်များရရှိရေးနှင့် ရွှေ့ပြောင်းသွားလာမှုလုံခြုံရေးတို့ကို ရရှိအောင် စီမံပေးရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံသားများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်များ တိုးမြှင့်ရရှိရေးအတွက် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်ထုတ်လုပ်မှုတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများကို လိုအပ်သလို အလုပ်ခန့်အပ်ပေးနိုင်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မှု၊ အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုများ ပြုလုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာများ၊ အရင်းအနှီးများ ပိုမိုရရှိရေးအတွက် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများစွာကို ဖိတ်ခေါ်ကာ ကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလေးပေးဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားကို ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသကဲ့သို့ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၌ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင် လုပ်ကိုင်နိုင်ရေး အားပေးချီးမြှောက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်း၊ မလေးရှား၊ ကိုရီးယားနိုင်ငံကဲ့သို့ နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ စေလွှတ်ထားရှိ၍ နိုင်ငံတကာအလုပ်သမားရေးရာစံသတ်မှတ်ချက်များ၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေနှင့် အမိန့်ညွှန်ကြားချက်များနှင့်အညီ ဘာသာစကားအခက်အခဲ၊ လုပ်ငန်းခွင်အခက်အခဲတို့ကို သက်ဆိုင်ရာသံရုံးများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာပြီး လုပ်ငန်းကျွမ်းကျင်မှုနှင့်အညီ ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်များတွင် ကောင်းမွန်စွာ လုပ်ကိုင်နိုင်ကာ အလုပ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံသော၊ ကျန်းမာရေးကောင်းမွန်သော လူမှုဘဝကို အပြည့်အဝရရှိစေရန် နိုင်ငံတော်နှင့်အတူ လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် စံချိန်မီ ကုန်ထုတ်လုပ်ငန်းများလည်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ် သတင်းစာများ**
**- MSME ဆောင်ရွက်မှုလုပ်ငန်းများ**

# ရွှေဘိုမြို့နယ်တွင် နွေစပါးဧကအားလုံးစိုက်ပျိုးပြီးစီး

ရွှေဘို ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၂၁၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၄၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နွေစပါး ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးအတွက် ရွှေဘို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးကိုအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပနိုင်ငံများသို့ပါပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် စပါးကိုပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တီလားဗီယားငါး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တီလားဗီယားငါး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တီလားဗီယားငါး ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း တီလားဗီယားငါး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ တီလားဗီယားငါးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်တယ်။ ပြီးခဲ့တဲ့ မတ်လအတွင်းမှာ ဖေဖော်ဝါရီလကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ တီလားဗီးယားငါး ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို တီလားဗီးယားငါးတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိပြီး အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် တီလားဗီယားငါးများအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ငါးမွေးမြူရေးလုပ်ငန်းရှင်များက စနစ်တကျမွေးမြူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများကို ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ဆက်လက်ပြောပြ ၍ သိရသည်။

ကျော်ကျော်လင်း

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန္တလီကျေးရွာအုပ်စု ပေါက်ပင်ဆိတ်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကန္တလီကျေးရွာအုပ်စု ပေါက်ပင်ဆိတ်ကျေးရွာရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၃ သန်းကို ပေါက်ပင်ဆိတ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်ပင်ဆိတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၄ ဒသမ ၃၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်












## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)တွင် RC (၃)ထပ် စာသင်ဆောင် အဆောက်အဦ(၉၀' x ၃၀' x ၃၂') ၏ ဒုတိယထပ်တိုင်ထောင် (၅၀%)ကျန်လုပ်ငန်း၊ နံရံအုတ်စီချောလုပ်ငန်း၊ အမိုးလုပ်ငန်း၊ ကြမ်းခင်းများ Topping လောင်းခြင်းလုပ်ငန်း၊ တံခါးပြတင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ဆေးသုတ်လုပ်ငန်းနှင့် ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်။

၂။ အထက်ပါဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂၈-၄-၂၀၂၅ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၁၂-၅-၂၀၂၅ရက်(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၁၃-၅-၂၀၂၅ ရက်(အင်္ဂါနေ့) ညနေ (၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန၊ မန္တလေးမြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၊ မန္တလေးမြို့။ |

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ မန္တလေးမြို့ ဖုန်း ၀၉-၂၅၈၈၉၃၃၇၅ နှင့် သမဝါယမစာရင်း ရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၊ မန္တလေးမြို့ ဖုန်း ၀၉-၄၂၀၇၀၁၆၃၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အဖိုးတန်ရေချိုကို ချွေတာပါ

❖ **ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...**

❖ **ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပဲခူးမြစ်ကူးတံတားကြီး သုံးစင်းတွင် သန်လျင်တံတား အမှတ်(၃)သည် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အဓိကအထောက်အပံ့ပြုလျက်ရှိ

ရန်ကုန် မေ ၂၉

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုသည် အထူးအရေးပါလျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၌ သန်လျင် သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သို့ ဆက်သွယ်ထားသည့် သန်လျင်တံတားအမှတ်(၃)သည် ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်စီးဆင်းမှုအတွက် အဓိကအထောက်အပံ့ပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့်သန်လျင်မြို့ကို ပဲခူးမြစ်ကြီးကပိုင်းခြားထားပြီး ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရန် ကနဦးတွင်သန်လျင်တံတားအမှတ်(၁)ကို တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့နှင့် သန်လျင်မြို့တို့၏ ခရီးသွားလာမှုနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုခဲ့သော်လည်း နေ့စဉ်အဆိုပါတံတားပေါ်၌

စာမျက်နှာ ၂၀ ကော်လံ ၁ ☆




သန်လျင်တံတား အမှတ်(၃)၏ ညပိုင်းအလှကို တွေ့ရစဉ်။

| ထူးခြားသည့်နေ့ အပူချိန်များ (၂၉-၄-၂၀၂၅) | ချောက် | သာယာဝတီ | ကော့ကရိတ် |
|---|---|---|---|
| | ၄၁ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ၃၈ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် |
| | မြင်းခြံ | အောင်လံ | ကြို့ပင်ကောက် |
| | ၃၉ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ၃၉ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| | ဇောင်းတူ | ပခုက္ကူ | ညောင်လေးပင် |
| | ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ၃၉ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် | ၃၈ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် |

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ- ၁၉

**၂၀၂၅ ခုနှစ် ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ** စာမျက်နှာ- ၁၇

